# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၁၃)ရက် ၊ ကြာသပတေးနေ့ ၊ (4-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၂၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်



တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့ Tian'anmen ရင်ပြင်၌ ကျင်းပပြုလုပ်သည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H. E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော

ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

**ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

## ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး SCO ထိပ်သီးအစည်းအဝေး

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေးကို စက်တင်ဘာ ၁ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါအစည်းအဝေးတွင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)သည် ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းစဉ်ကတည်းက ဒေသတွင်းလုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး စက်မှုထိပ်သီးနိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါကြွယ်ဝသည့်နိုင်ငံများ၊ စိုက်ပျိုး၊ မွေးမြူရေးအားကောင်းသည့်နိုင်ငံများ စသည်ဖြင့်ပါဝင်ပါသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏အခြေခံမူများဖြစ်သည့် ဝင်ရောက်မစွက်ဖက်ရေး အချုပ်အခြာအာဏာအား လေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေးတို့သည် မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် နိုင်ငံတကာစင်မြင့်ပေါ်တွင် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရာတွင်ထားရှိသည့် ခိုင်မာသောအခြေခံအုတ်မြစ်နှင့် များစွာအလားသဏ္ဍာန်တူပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ် မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများကိုလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။

ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့်အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြသည်။ ယခုကဲ့သို့ အခြေအနေမျိုးကို တုံ့ပြန်နိုင်ရန်အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့်အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကိုရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည်။ ထို့ပြင် သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ထားပြီး ကောင်းမွန်မျှတသော အပူပိုင်းရာသီဥတုရှိသည့်အတွက် မြန်မာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများစွာရှိပါသည်။ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ မူဘောင်များအတွင်း ရိုးရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ အရင်းအမြစ်ကောင်းများရှိပြီးဖြစ်ရာ စီးပွားရေးတိုးတက်မြင့်မားလာစေရန် ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ရရှိသည်နှင့်အမျှ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးချက်များမှ ထွက်ပေါ်လာသည့် အကျိုးရလဒ်များက နိုင်ငံတော်အတွက် အကျိုးရလဒ်ကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၁၆၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၁၆၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၁၈၁၅၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၄၂၂ ဧက၊ ကနီမြို့နယ်တွင် ၂၇၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၄ ဧက၊ ပုလဲမြို့နယ်တွင် ၇၈၁ ဧက စုစုပေါင်းဧက ၁၆၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ဝါဧက ၁၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဝါစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၅၀၀၀၊ ကနီမြို့နယ်တွင် ဧက ၇၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၂၀၀၊ ပုလဲမြို့နယ်တွင် ဧက ၂၉၅၀ စုစုပေါင်းဧက ၁၈၁၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဝါစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိရေး၊ ဝါသီးနှံ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါသီးနှံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## အမရပူရမြို့နယ် လက်သစ်ကျေးရွာ၌ ချင်းကျောက်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်သစ်ကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လက်သစ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လက်သစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၂၆၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၇၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ဇွန်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

## ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကန့်ကြီးထောင့် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ်ကနေ ဩဂုတ်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန့်ကြီးထောင့်မြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရွှေသွယ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ရွှေသွယ်ရင်စပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ ယှဉ်ရင် ပြီးခဲ့တဲ့ဩဂုတ်လအတွင်းမှာတော့ လတ်တလောအနေနဲ့ပါ ရွှေသွယ်ရင်စပါးက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရွှေသွယ်ရင်စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းတုံမြို့နယ် ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မိုင်းတုံ စက်တင်ဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများသည် ကုန်းဆာကျေးရွာတွင် စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံ မှန်ကန်မှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၂၅ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီအလှူရှင်အဖွဲ့က လစဉ်ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀ နှင့် ကျောက်ကပ်ဆေးနေသောသံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၄၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၄၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၁၀၉၄၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၀၄၅၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါးကေ ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန်၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးစေရန်၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရန် စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပေါက်ခေါင်းမြို့နယ် ဘန့်ပြင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**ပေါက်ခေါင်း စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဘန့်ပြင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ဘန့်ပြင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဘန့်ပြင်ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကိုပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၅ သန်းဖြင့် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပေါ်ဆန်းမွှေးစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပေါ်ဆန်းမွှေးစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းမွှေးစပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပေါ်ဆန်းမွှေးစပါးတင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် အချောအုပ်စုတွင် ပါဝင်သည့်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ရဲ့ စပါးဆန်ဈေးကွက်က ရန်ကုန်ဈေးကွက်ပါ။ ပြီးခဲ့တဲ့လအတွင်း ပေါ်ဆန်းမွှေးစပါးတင်းရေ အများအပြား ရန်ကုန်ဈေးကွက်ဘက် တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီပေါ်ဆန်းမွှေးစပါးက ဆန်အချောအုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ ပေါ်ဆန်းမွှေးစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီပေါ်ဆန်းမွှေးစပါးအမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းမွှေးစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဦးကုလားနှင့် ရာဇဝင်သုံးစောင် (၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**မဟာရာဇဝင်ကြီး**

ဦးကုလားရေးခဲ့သော မဟာရာဇဝင်ကြီးသည် တွဲရေ ၂၁ တွဲ၊ ပေအင်္ဂါအားဖြင့် ၆၃ အင်္ဂါနှင့် ၁၁ ချပ်ရှိသည်။ ယခုခေတ်ပုံနှိပ်မှုအရ စာအုပ်ကြီးသုံးအုပ်မျှ ရှိလေသည်။ ဦးကုလားသည် ရာဇဝင်ကြီးကို ဘာသာရေးစာပေများ၌ လာရှိသည့် စကြဝဠာတည်ပုံ ပျက်ပုံမှစ၍ ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက် သက္ကရာဇ် ၁၀၈၁ ခုနှစ်တွင် သားတော် စဉ့်ကူးမင်း (ဟံသာဝတီပါ)ကို အိမ်ရှေ့နှင်းသည့် အခန်း၌ အဆုံးသတ်ထားသည်။ တနင်္ဂနွေမင်းက သားတော်ကို အိမ်ရှေ့နှင်းသည်ထိ ရေးသားထားသော်လည်း တနင်္ဂနွေမင်း၏ ဖခမည်းတော်စနေမင်း နတ်ရွာစံသည့်အကြောင်းများကို ဖော်ပြမထားပေ။ စနေမင်းက သားတော်တနင်္ဂနွေမင်းကို သက္ကရာဇ် ၁၀၇၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့(၁၇၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်) တွင် အိမ်ရှေ့နှင်းသည်ထိသာ ရေးထားသည်။ စနေမင်းနတ်ရွာစံသည့် ၁၀၇၆ ခုနှစ်ထိ အဖြစ်အပျက်များကို ချန်ထား၏။ ၁၀၇၃ ခုနှစ်မှ ၁၀၈၀ ပြည့်နှစ်ထိ အဖြစ်အပျက်များကိုကျော်ပြီး တနင်္ဂနွေမင်းက စဉ့်ကူးမင်းကို အိမ်ရှေ့နှင်းသည့်နေရာ၌ အဆုံးသတ်ထားခြင်းဖြစ်သည်။ ကြား၌ စနေမင်းနတ်ရွာစံသည့် အကြောင်းများ၊ တနင်္ဂနွေမင်းနန်းတက်သည့် အကြောင်းများမပါပေ။

ဦးကုလား၏ရာဇဝင်ကြီး ပထမတွဲမှ တတိယတွဲထိသည် ဘာသာရေးစာပေများ၊ မဟာဝင်ကျမ်းများအတိုင်း ရေးသားထားခြင်းဖြစ်သည်။ ထိုအတွဲသုံးတွဲသည် မြန်မာရာဇဝင်အခန်းနှင့် မဆိုင်ပေ။ မဟာဝင်အပိုင်းများသာဖြစ်သည်။ ထိုကဲ့သို့ မဟာဝင်ပိုင်းကို အတွဲသုံးထိ ရေးရခြင်းသည် မြန်မာဘုရင်များသည် ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဗုဒ္ဓဘာသာအသိဉာဏ်ဗဟုသုတများ တိုးပွားစေရန်နှင့် ဗုဒ္ဓဘာသာဝင် မင်းကောင်းမင်းမြတ်တို့၏ ထုံးကို နှလုံးမူစေရန် ရေးသားရခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ မြန်မာရှင်ဘုရင်တို့ကို မဟာဝင်လာ မင်းကောင်းမင်းမြတ်တို့၏ အတုယူစရာ၊ အလေးထားစရာ၊ လိုက်နာစရာများကို အတုယူစေလို၊ အလေးထားစေလို၊ လိုက်နာစေလို၍ ထည့်သွင်းရေးသားခြင်းဖြစ်နိုင်သည်။ ဦးကုလား၏ရည်ရွယ်ချက်သည် မှန်ကန်ခဲ့သည်ဟုဆိုနိုင်သည်။ နောက်နောင်မင်းတို့သည် ဗုဒ္ဓဘာသာဓလေ့ထုံးစံအရ အလှူဒါနပြုကြသည်ဖြစ်စေ၊ သာသနာတော်ပြန့်ပွားရေးအတွက် ဆောင်ရွက်ကြသည်ဖြစ်စေ ထိုအကြောင်းအရာများနှင့်ပတ်သက်၍ ရေးသားပြောဆိုကြရာတွင် "သီရိဓမ္မာသောကမင်းကြီးကဲ့သို့"ဟူ၍ပမာပြုကာ ရေးသားပြောဆိုခဲ့ကြသည်။ သီရိဓမ္မာသောကမင်းကြီးကဲ့သို့ သာသနာကိုချီးမြှောက်သည်၊ ထောက်ပံ့သည်ဟူ၍ ဆိုကြခြင်းဖြစ်သည်။

ဦးကုလားသည် မဟာရာဇဝင်ကြီးကို မည်သည့် ခုနှစ်တွင် ရေးသားပြုစုပြီးခဲ့သည်ကို ပြဆိုထားခြင်း မရှိပေ။ တချို့က တနင်္ဂနွေမင်းလက်ထက် ၁၀၇၆-၁၀၈၅ ခုနှစ်အတွင်း ရေးသားပြုစုခဲ့သည်ဟုဆိုကြသည်။ မဟာရာဇဝင်ကြီးရေးရသည့် ရည်ရွယ်ချက်ကို မဟာရာဇဝင်ကြီးနိဒါန်း၌ "ပါဠိ၌ မင်းစကား အစရှိကုန်သော စကားတို့ကို တိရစ္ဆာနကထာဟူသော သာမညဟောတော်မူသော်လည်း မြတ်စွာဘုရား အလိုတော်ကို သိကုန်သော အဋ္ဌကထာဆရာတို့သည် မဟာသမ္မတမင်း၊ မန္ဓာတ်မင်း၊ ဓမ္မာသောကမင်းတို့သည် ကြီးသောအာနုဘော်ရှိကုန်၏။ ဤသို့ အစရှိသည်ဖြင့် အိမ်၌နေသော လူတို့၏စကားသည် သာလျှင် တိရစ္ဆာနကထာမည်၏။ ထိုသို့သော မင်းစင်

❖ ဦးကုလား၏ရာဇဝင်ကြီး ပထမတွဲမှ တတိယတွဲထိသည် ဘာသာရေးစာပေများ၊ မဟာဝင်ကျမ်းများအတိုင်း ရေးသားထားခြင်းဖြစ်သည်။ ထိုအတွဲသုံးတွဲသည် မြန်မာရာဇဝင်အခန်းနှင့် မဆိုင်ပေ။ မဟာဝင်အပိုင်းများသာဖြစ်သည်။ ထိုကဲ့သို့ မဟာဝင်ပိုင်းကို အတွဲသုံးထိ ရေးရခြင်းသည် မြန်မာဘုရင်များသည် ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဗုဒ္ဓဘာသာအသိဉာဏ်ဗဟုသုတများ တိုးပွားစေရန်နှင့် ဗုဒ္ဓဘာသာဝင် မင်းကောင်းမင်းမြတ်တို့၏ထုံးကို နှလုံးမူစေရန် ရေးသားရခြင်းဖြစ်သည်ဟုယူဆနိုင်သည်။❖

လျက်လည်းပျက်ခြင်း၊ ကုန်ခြင်းသို့ရောက်ခဲ့၏ ဟူ၍ဆိုသောစကားသည် ကမ္မဋ္ဌာန်းအဖြစ်၌တည်၏ ဟူ၍ ဝိသေသအားဖြင့်ခွဲခြား၍ ဖွင့်တော်မူသောကြောင့် ယခုပြုလတ္တံ့သော ရာဇဝင်ကျမ်းသည်လည်း ဂေဟာသိတကထာဖြင့် သာမညမဆိုမူ၍ အနိစ္စအစရှိသော ကမ္မဋ္ဌာန်းနှင့်ယှဉ်၍ ဆိုလတ္တံ့သည် ဖြစ်၍ သူတော်ကောင်းတို့သည် များသောအစီးအပွားဖြစ်လတ္တံ့ ကောင်းစွာမှတ်ကုန်နာကုန်ရာ၏" ဟူ၍ ဆိုထားသည်။

ဦးကုလားကိုယ်တိုင်က မဟာသမ္မတမင်း၊ မန္ဓာတ်မင်း၊ ဓမ္မာသောကမင်းတို့သည်ပင်လျှင် ဖြစ်ခြင်းပျက်ခြင်းသို့ရောက်ခဲ့သည်။ မည်မျှဘုန်းတန်ခိုး၊ စည်းစိမ်ချမ်းသာကြီးမားပါစေ ဖြစ်ခြင်း၊ ပျက်ခြင်းသို့သာရောက်ရသည်။ ထို့ကြောင့် သတိသံဝေဂရကြစေရန် မဟာရာဇဝင်ကြီးကို ရေးရခြင်းဖြစ်သည်ဟုဆိုထားလေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ရှင်ဘုရင်ဖြစ်၍လည်း ဂုဏ်မမြောက်နှင့်၊ စည်းစိမ်ချမ်းသာကြီး၍လည်း မမောက်မာနှင့်ဟူ၍ မင်းတို့ကို သတိပေးဆုံးမလိုဟန်ရှိပေသည်။

**ရာဇဝင်လတ်**

ရာဇဝင်လတ်သည် ရာဇဝင်ကြီးလောက် မကျယ်ဘဲ အလယ်အလတ်မျှလောက်သာရေးသည်။ ထို့ကြောင့် ရာဇဝင်လတ်ဟုအမည်တွင်ခဲ့ခြင်းဖြစ်သည်။ မဟာရာဇဝင်ကြီးသည် ပေအင်္ဂါ ၆၃ အင်္ဂါနှင့် ၁၁ ချပ်ရှိ၍ တွဲရေအားဖြင့် ၂၁ တွဲရှိသည်။ ရာဇဝင်လတ်မှာ ၄၃ အင်္ဂါနှင့် ၅ ချပ်ရှိပြီး အတွဲရေအားဖြင့် ၁၀ တွဲရှိသောကြောင့် ရာဇဝင်လတ်သည် မဟာရာဇဝင်ကြီးထက် ၂၀ အင်္ဂါနှင့် ၆ ချပ် လျော့နည်းသွား၏။

ရာဇဝင်လတ်သည် "နတွာဟံဇိနကုဉ္စရံ၊ နရာန မုတ္တစံဓမ္မံ"ဟူသောပါဠိစကားဖြင့် အစချီထားသည်။ ရာဇဝင်လတ်ကျမ်းပြီးနိဂုံးတွင် "အပြည်ပြည်တို့၏ မှန်ကင်း၊ အမတ်မင်းတို့၏ မကိုဋ္ဌဝယ်စီတပ်အပ်သော ရတနာမြင့်မြတ်ဖြစ်တော်မူသော ရေမြေ့သခင် ဘဝရှင် မင်းတရားကြီး ဘုရားကျွန်တော်အရင်း ဖြစ်သော ဒေဝသေဋ္ဌေးသားကုလားသည် သမိုင်းမော်ကွန်းဥဒါန်းရာဇဝင်ပုံပြင် အရေးတော်ပုံပေါင်း အစောင်စောင်မှထုတ်ယူ၍ သိကုန်အပ်သော ရာဇဝင်လတ်ကားပြီးပြည့်စုံ၏"ဟူ၍ ဖော်ပြထားပေသည်။ မည်သည့်ခုနှစ်တွင် ပြုစုပြီးခဲ့သည်ကို မသိရပေ။ တနင်္ဂနွေမင်းလက်ထက်တွင် ပြုစုခဲ့သည်ဟုယူဆစရာဖြစ်သည်။ ရာဇဝင်လတ်သည် တစ်ချိန်က ပေမူအဖြစ်သာ တိမ်မြုပ်နေခဲ့သည်။ ထိုကဲ့သို့ တိမ်မြုပ်နေသည်ကို ပန်းရွှေပြည် စာအုပ်တိုက်က ၂၀၂၄ ခုနှစ်တွင် ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

**ရာဇဝင်ချုပ်**

ဦးကုလားသည် မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်တို့ကိုရေးသားပြုစုပြီးသောအခါတွင် မြန်မာရာဇဝင်မင်းစဉ်မင်းဆက်များကို အကျဉ်းမှတ်သားရန်အတွက် ရာဇဝင်ချုပ်ကိုရေးသားပြုစုခဲ့သည်။ ရာဇဝင်ချုပ်နိဂုံးအရ သက္ကရာဇ် ၁၀၇၉ ခုနှစ်တွင် ရာဇဝင်ချုပ်ကို ရေးသားပြုစုခဲ့သည်။ ဟံသာဝတီ ပုံနှိပ်တိုက်ထုတ် ဦးကုလားရာဇဝင်ချုပ်နိဒါန်းအရ ရာဇဝင်ချုပ်သည် ၁၀ ကြောင်းရေးပေဖြစ်ပြီး ၂ အင်္ဂါ နှင့် ၈ ချပ်ရှိသည်။ တွဲရေအားဖြင့် တစ်တွဲသာရှိကြောင်း သိရသည်။

ရာဇဝင်ချုပ်တွင် မဟာသမ္မတမင်းမှစ၍ ညောင်ရမ်းခေတ် စနေမင်းနတ်ရွာစံသည်ထိ ဖော်ပြထားသည်။ ရာဇဝင်ချုပ်တွင် ရှေးမင်းတို့လက်ထက် ဖြစ်ပွားခဲ့သော စစ်ရေး၊ စစ်ရာများကို ဖော်ပြခြင်း မပြုတော့ဘဲ မင်းတို့၏နန်းတက်နှစ်၊ နန်းစံနှစ်၊ နန်းကျနှစ်၊ မင်းတို့၏ဆွေစဉ်မျိုးဆက်စာရင်းကိုသာ အဓိကထား၍ဖော်ပြထားသည်။ ရာဇဝင်ချုပ်ရေးသားပြုစုရခြင်း၏ရည်ရွယ်ချက်ကို နိဒါန်းလင်္ကာတွင် "ရှေးကစီရင်၊ ရာဇဝင်ကို၊ သိမြင်လွယ်အောင်၊ အကျဉ်းဆောင်၍၊ ဘုန်းခေါင်ထွတ်ချာ၊ မဟာသမတ၊ မြတ်ဒေဝကို၊ အစတည်လျက်၊ စဉ်ဆက်မင်းပေါင်း၊ ထီးဆောင်းနန်းနေ၊ ပဒေသရာဇ်၊ ဖြန့်လှစ်စကြာ၊ ဧကရာနှင့်၊ မဟာဒီပ၊ စိုးမိုးရသည်။ လောကတန်ဆောင်၊ မင်းကုန်အောင်ကို၊ စာစောင်ဥပဒေ၊ စီရင်ပေအံ့"ဟူ၍ဆိုထားသည့်အတိုင်း ရာဇဝင်ကိုအကျဉ်းသိအောင် ရေးသားခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်။

**သုံးသပ်ချက်**

နောင်လာနောက်သားတို့အတွက် သမိုင်းအမွေအနှစ်များစွာကိုပေးခဲ့သော ဦးကုလား၏ကျေးဇူးသည် မည်မျှကြီးမားသည်ကို အထူးပြောဖွယ်ရာ မလိုတော့ပေ။ တကွဲတပြားစီဖြစ်နေသော ရာဇဝင်ကျမ်းများကို စုစည်း၍ ရာဇဝင်ကြီးအဖြစ် ပုံဖော်ရေးသားခဲ့သည့် စေတနာ၊ အကျယ်၊ အလတ်၊ အချုပ်ဟူ၍ သုံးမျိုးခွဲ ရေးခဲ့သော စိတ်ကူးတို့သည် မည်မျှအလေးထားစရာ ကောင်းပါသနည်း။ ထိုခေတ်ထိုအချိန်အခါက ပြီးပြည့်စုံသော ရာဇဝင်ကြီးတစ်စောင်ကို ရေးရန် လိုအပ်နေပြီဟု သိမြင်ခဲ့သော ဦးကုလား၏ တွေးခေါ်မြော်မြင်မှုသည် မည်မျှခေတ်မီသည်ကို သိနိုင်ပါသည်။

ဦးကုလားသည် ရာဇဝင်ကြီးကိုရေးရာတွင် ကျမ်းပေါင်း ၇၀ ကျော်မျှ ကိုးကား၍ရေးခဲ့သည်။ ယခုအချိန်အခါတွင် ဦးကုလားကိုးကားခဲ့သော ကျမ်းများကို တွေ့ရှိနိုင်ရန် မလွယ်ကူတော့ပေ။ ဦးကုလားသာ ရာဇဝင်ကြီးပြုစုမသွားခဲ့လျှင် မြန်မာ ရာဇဝင်ကျောရိုးသည် ပြတ်၍သွားနိုင်သည်။ မဟာရာဇဝင်သစ်၊ မှန်နန်းရာဇဝင်တော်ကြီးတို့ပင် ရေးရန် မလွယ်ကူပေ။ ဦးကုလား၏ကျေးဇူးကြောင့်သာ မြန်မာရာဇဝင်ကို အပြည့်အစုံတွေ့ရခြင်းဖြစ်သည်။ ဦးကုလားကဲ့သို့ မြန်မာရာဇဝင်ကို အကျယ်၊ အလတ်၊ အကျဉ်းဟူ၍ သုံးမျိုးခွဲ၍ရေးခဲ့သော ရာဇဝင်ဆရာမျိုးမှာ မြန်မာ့သမိုင်းတွင် နှစ်ယောက်မရှိပေ။ ယနေ့ အချိန်ထိပင် မရှိဟုဆိုရပေမည်။ ထို့ကြောင့် ဦးကုလားကို ရှားမှရှားသော သမိုင်းပညာရှင်ကြီးဟု ဆိုရပေမည်။

ဦးကုလားသည် ရာဇဝင်ရေးရာတွင်သာ စံတင်ထားသည်မဟုတ်၊ စကားပြေအရေးအသားတွင်လည်း စံတင်ထားထိုက်ပေသည်။ မြန်မာစာပေ ပညာရှင်ကြီးများက ဦးကုလား၏စကားပြေအရေးအသားကို ရိုးရှင်း၍ ပြေပြစ်သောစကားပြေရေးဟန်ဟု အသိအမှတ်ပြုကြ၏။ ဆရာကြီးမင်းယုဝေက "မဟာရာဇဝင်ကြီးပါ ဦးကုလား၏စကားပြေအရေးအသားသည် စံတင်ထိုက်သည်။ သိပ်သည်းသည်။ သိလွယ်၊ မြင်လွယ်၊ ထင်လွယ်သဖြင့် လူများစု(ဝါ) လူထုနှင့် နီးစပ်သော အရေးအသားဖြစ်သည်ဟုဆိုရပေမည်" ဟူ၍လည်းကောင်း၊ ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)က "စကားပြေအရေးအသား ရှင်းလင်းပြေပြစ်သည်။ ရာဇဝင်ဖြစ်ရပ်များကို မှတ်တမ်းတင်ရင်း လူ့အမူအရာ၊ လူ့သဘာဝကိုဖော်ပြရန် အကွက်ဆိုက်သောနေရာများတွင် ကျမ်းဆရာ၏ စေတနာစေ့ဆော်သည့်အတိုင်း တို့ကာထိကာ ဖော်ပြသွားသည့်အတွက် ရသပေးနိုင်သော အကွက်ကလေးများ ရောစွက်နေပြီး ဖတ်ချင်စဖွယ်ဖြစ်ရ၏။ စကားပြေကောင်းအင်္ဂါလက္ခဏာ နှင့်ပြည့်စုံသော မြန်မာစကားပြေကျမ်း တစ်ကျမ်း ဖြစ်သည်ဟု မှတ်ယူပါသည်"ဟူ၍လည်းကောင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။

သို့ဖြစ်သောကြောင့် ဦးကုလားသည် ရှားမှရှားသော ရာဇဝင်ကျမ်းပြုပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် စံတင်ထားရသည်သာမက စကားပြေအရေးအသားတွင်လည်း စံတင်ထိုက်သည့်ပုဂ္ဂိုလ်ကြီးတစ်ဦးဟု ဆိုရပေမည်။

ဦးကုလားသည် ရာဇဝင်ကြီးကို တစ်ဦးတစ်ယောက်တည်းပြုစုခဲ့သောကြောင့် ပမာဒလေခများရှိနိုင်ပါသည်။ ထိုကဲ့သို့သော ပမာဒလေခများကို နောက်လူများကတွေ့ရှိလျှင် ပြင်ဆင်ရမည်ဖြစ်သည်။ ဦးကုလား၏ မဟာရာဇဝင်ကြီး၌ အနန္တသူရိယအမတ်ကြီးရေးဖွဲ့ခဲ့သည့် "သူတည်းတစ်ယောက်" အစချီ လင်္ကာပါရှိ၏။ နောက်ပညာရှင်များက ထိုကဗျာ၌ပါရှိသော "ကြွင်န်း၊ နန်း"စသည့်အသုံးများသည် ပုဂံခေတ် အသုံးများမဟုတ်ကြောင်း၊ ပုဂံခေတ်တွင် နန်းတော်ဟုမသုံးကြောင်း၊ ထိုကဗျာကို ပုဂံခေတ်ကဗျာဟု ဦးကုလားကလုပ်ကြံ၍၊ တစ်နည်း လုပ်ဇာတ်ပြု၍ ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း ရင့်ရင့်သီးသီးရေးသားကြပါသည်။ ဦးကုလားကို ပုဂံခေတ်ကဗျာ မဟုတ်ဘဲ ပုဂံခေတ်ကဗျာဟု လိမ်ခဲ့သူဖြစ်ကြောင်း ရေးသားကြပါသည်။

ထို့ပြင် အနော်ရထာမင်းလက်ထက်တွင် သထုံပြည်သို့ ပိဋကသုံးပုံစေလွှတ်၍တောင်းရာ မနူဟာမင်းက လက်မခံဘဲ မချေမငံပြောသောကြောင့် အနော်ရထာသည် သထုံကိုစစ်သွား၍တိုက်၏။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါထောပတ်ပဲကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ထောပတ်ပဲ စိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ တောင်သူတွေကိုလဲ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ မြေဩဇာနဲ့သွင်းအားစုတွေ မှန်မှန်ကန်ကန် သုံးစွဲကြဖို့၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲကြဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးကြဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်ရေး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ထောပတ်ပဲကို အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# လမြတ်တော်သလင်း

\- တိမ်ပန်းချီမှာ
စိန်စီသည့် မြသား၊
ဆွေတစ်သင်းရယ်နှင့်
လေချင်းယှဉ် ပြိုင်ကာနွဲ့လို့
ပွဲသဘင် နဒီထက်
ပျော်လျက်တကား။

\- မြစ်ရေပြင် ကမ်းတစ်လွှား
အခမ်းအနား စည်ကားစွာ
တော်သလင်းမှာ၊
အိုးစည်ဗုံမောင်း တေးသံသာ
မနေးအမြန်ပါ အားပေးလျက်၊
တစ်နှစ်တွင် တစ်လသည်သာပ
မြနဒီမှာ လှေပြိုင်ခင်းပါလို့
ဂုဏ်တသင်းကြွယ် မြန်မာ့ဓလေ့
လှပေ့မပျက်။

\- အများသူငါ လက်ချင်းယှက်
ဆက်နွှင်းခဲ့ ရိုးရာအမွေ၊
တို့တစ်တွေ လက်ဆင့်ကမ်း
ကြိုးပမ်းသင့်ပေ၊
စည်ပြောလည်း သံသာစေ
လျှဒါန်းနေမြဲ သဒ္ဒါပွား၊
ဥပုသ်သီလရယ်နှင့်
ညီမျှမည့် သိက္ခာထူလို့
စိတ်မှာတမူ ဖြူစင်ထုံး
အမုန်းရှောင်ရှား။ ။

ကိုရွှေတောသား(ဆင်ကူး)

á စာမျက်နှာ ၄ မှအဆက်

သထုံမှ ပိဋကသုံးပုံကိုပင့်ဆောင်လာပြီး ပုဂံ၌ ပြန့်ပွားအောင်ကြိုးစားသည်။ ထိုအချိန်မှစပြီး ပုဂံ၌ သာသနာပြန့်ပွားခဲ့သည်ဟုဆိုထားသည်။ ၎င်းကို တချို့က ပုဂံတွင် ဗုဒ္ဓသာသနာသည် အနော်ရထာမတိုင်မီကတည်းကရှိနေကြောင်း၊ သထုံမှပိဋကတ်များကို သယ်ဆောင်လာမှ ပြန့်ပွားသည်မဟုတ်ကြောင်း၊ ထို့ကြောင့် အနော်ရထာလက်ထက် သထုံကိုတိုက်သည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း ရေးသားလာကြသည်။ ရေးသားရာတွင် အနော်ရထာသည် သထုံကိုမတိုက်ဘဲတိုက်သည်ဟု ဦးကုလားက လိမ်ရေးခဲ့ကြောင်း ဆိုကြသည်။ ဤမှာ အမြွတ်မျှ ထုတ်ပြခြင်းဖြစ်သည်။ ဦးကုလားအပေါ်သို့ ထို့ထက်ပိုသော စွပ်စွဲချက်များ၊ ရင့်သီးသောစကားလုံးများပင်သုံး၍ ဝေဖန်အပြစ်တင်ကြသည်။ ဦးကုလားကို အပြစ်ဝိုင်းဖို့ကြသည်။

ထိုကဲ့သို့ ဦးကုလားကို အပြစ်တင်၊ ပုတ်ခတ်ကြသည်ကို ကျွန်တော်လက်မခံပါ။ အလုပ်လုပ်သောသူသည် အမှားအယွင်းရှိမည်သာဖြစ်သည်။ ဦးကုလားသည် မည်သူမျှမတိုက်တွန်းဘဲ စေတနာအလျောက် ရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်တို့ကို ပြုစုခဲ့သူဖြစ်သည်။ ထို့အတူ ပြည့်စုံသောရာဇဝင်ကြီးတစ်စောင်ကို စွန့်ဦးတီထွင်ရေးသားသူဖြစ်သည်။ ထိုသို့စွန့်ဦးတီထွင်ရေးသားခဲ့ရသဖြင့် ဦးကုလား၏ ရာဇဝင်ကြီးတွင် ချွတ်ယွင်းချက်၊ အားနည်းချက်များ အမှန်ပင်ပါမည်ဖြစ်သည်။ နောက်ပြီး ဦးကုလားသည် ရာဇဝင်ကြီးများကိုရေးရာတွင် အုပ်စုဖွဲ့၍ အများနှင့် ရေးရသည်မဟုတ်။ တစ်ဦးတည်း ရေးသားရခြင်းဖြစ်သည်။ ထို့ကြောင့် လစ်ကွတ်၊ ဟာကွက်များ ပါမည်ဖြစ်သည်။ ထိုကဲ့သို့ လစ်ကွက်၊ ဟာကွက်၊ ချွတ်ယွင်းချက်များပါလျှင် နောက်လူက ပြင်ဆင်ကြရမည်သာဖြစ်သည်။ အပြစ်တင်ခြင်း၊ ပုတ်ခတ်ခြင်း ပြုစရာမလိုပေ။

ဦးကုလားသည် မဟုတ်သည်များကို အဟုတ်လုပ်၍ လိမ်လည်ရေးသားစရာလည်းအကြောင်းမရှိပေ။ လိမ်စရာလည်းမလိုပေ။ ဦးကုလားအနေဖြင့် ရာဇဝင်ကြီးကို ရေးမသွားလျှင်ပင် ဘာမှမဖြစ်ပေ။ သူ့ဘာသာပင်ကိုအသိစိတ်ဖြင့် ရေးသားခဲ့သည်ကို ဝိုင်းဝန်းအပြစ်တင်နေမည့်အစား ဝိုင်းဝန်းပြင်ဆင်ရမည်သာဖြစ်သည်။ ဦးကုလားသည် ရာဇဝင်ကြီးကို ရေးရာတွင် ကျမ်းပေါင်း ၇၀ ကျော်ကို ကိုးကား၍ရေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဦးကုလားညွှန်ခဲ့သော "အခြားသောရာဇဝင်ကျမ်းများ"ဟူသည့် ကျမ်းညွှန်းများလည်းရှိသေးသည်။ "သူတည်းတစ်ယောက်" လင်္ကာကို "ပုဂံခေတ်အလင်္ကာ" ၊ "သထုံကို စစ်တိုက်သွားသည်"စသည့် အကြောင်းအရာများသည် သက်သက်လိမ်လို၍ ဦးကုလားက ထည့်သွင်းရေးသားခဲ့ခြင်းမဟုတ်ပါ။ ရှေးမှတ်တမ်းများတွင် တွေ့၍သာ ဦးကုလားသည် ထည့်သွင်းရေးသားခဲ့ခြင်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် "အဝရာဇဝင် တိတ်ရာဇဝင်ကျမ်း"သည် ဦးကုလားမမွေးဖွားမီ၊ ညောင်ရမ်းခေတ်မပေါ်ထွန်းမီ ပထမအင်းဝခေတ်က ပြုစုခဲ့သောကျမ်းဟုယူဆရသည်။ ထိုကျမ်းတွင် အနော်ရထာမင်း သထုံကို သွားတိုက်ကြောင်းပါ၏။

ထို့ပြင် ဘဒ္ဒန္တရတနပညမထေရ် ပါဠိဘာသာဖြင့် သက္ကရာဇ် ၈၈၇ ခုနှစ်တွင် ရေးသားစီရင်ခဲ့သော ဇိနကာလမာလိနီကျမ်းတွင် အနော်ရထာမင်း သထုံကိုသွား၍တိုက်သည့်အကြောင်း ဖော်ပြထား၏။ ထိုကျမ်း၌ စစ်တိုက်ရသည့်အကြောင်းကို သထုံမင်းထံမှ ကျောက်နက်ဘုရားတစ်ဆူ ရယူလို၍ဟုဖော်ပြထား၏။ ဆိုလိုသည်မှာ ဦးကုလားမတိုင်မီက ရေးခဲ့သောကျမ်းများတွင် အနော်ရထာမင်း သထုံကိုတိုက်သည့်အကြောင်းပါခြင်းဖြစ်သည်။ စစ်တိုက်ရသည့်အကြောင်းရင်းသာကွဲသည်။ စစ်တိုက်ရသည်မှာ အတူတူပင်ဖြစ်သည်။ ဦးကုလားသည် ထိုကဲ့သို့သောကျမ်းများကိုကိုးကား၍ ရာဇဝင်ကြီးကို ရေးသားခဲ့ခြင်းသာဖြစ်သည်။ ကျွန်တော်ဆိုလိုသည်မှာ "သူတည်းတစ်ယောက်လင်္ကာ"သည် ပုဂံခေတ်လင်္ကာဟုတ်၊ မဟုတ်၊ အနော်ရထာသည် သထုံကိုတိုက်၊ မတိုက်ကို ဆုံးဖြတ်ပေးခြင်းမဟုတ်ပါ။ အများစွပ်စွဲသလို ဦးကုလားသည် အဆိုပါအကြောင်းအရာများကို သူရေးသောရာဇဝင်ကြီးတွင် ထည့်သွင်းရေးသားရခြင်းမှာ လိမ်လည်လှည့်ဖြား၍ ရေးသားခြင်း မဟုတ်ဘဲ ရှေးမှတ်တမ်းတွေ့၍သာ ထည့်သွင်းရေးသားခဲ့ခြင်း ဖြစ်သည်ဟုဆိုလိုရင်းဖြစ်သည်။ ယခုခေတ်သုတေသီများအနေဖြင့် ဦးကုလားကိုးကားခဲ့သော ရှေးမှတ်တမ်းများကို ရှာဖွေဖော်ထုတ်ရန်နှင့် ဦးကုလား၏ ရာဇဝင်ကြီးတွင်ပါဝင်သည့် ပမာဒလေခများကို စေတနာကောင်းဖြင့်ပြင်ဆင်ကြရန်သာဖြစ်သည်။ ရုန့်ရင်းသော၊ ရင့်သီးသော၊ ကြမ်းတမ်းသောစကားလုံးများဖြင့် ဦးကုလား၏ ကျေးဇူးကို မစော်ကားမိစေရန် အထူးသတိထားသင့်လှပေသည်။

## နိုင်ငံတကာ သတင်းများ



# ချီကာဂိုမြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့များ ဖြန့်ကြက်မည်ဟု သမ္မတဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၃**

ရာဇဝတ်မှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်အရ ချီကာဂိုမြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် ချီကာဂိုမြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအား မည်သည့်အချိန်တွင် စေလွှတ်မည်ကို သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ချီကာဂိုမြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များဖြန့်ကြက်မည့် သမ္မတ ဒေါ်နယ်ထရမ့်၏ အစီအစဉ်သည် မြို့တော်တာဝန်ရှိသူများ၏ ဥပဒေကြောင်းအရ စိန်ခေါ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ချီကာဂိုမြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်မည့်အစီအစဉ်ကို ချီကာဂိုမြို့တော်ဝန် ဘရန်ဒန်ဂျွန်ဆင်က ဝေဖန်ရှုတ်ချထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရာဇဝတ်မှုနှိမ်နင်းရေး အစီအစဉ်အရ ဝါရှင်တန်မြို့တွင်လည်း အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားကြောင်း သိရသည်။

ရာဇဝတ်မှုနှိမ်နင်းရေးအစီအစဉ်ကို အမေရိကန်နိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် ချီကာဂိုမြို့နှင့် အခြားမြို့ကြီးများတွင်လည်း လုပ်ဆောင်နိုင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြီးခဲ့သည့်လက သတိပေးထားသည်။

Ref : Xinhua

Trs : KKO

# မူးယစ်ဆေးဝါးတင်ရေယာဉ်အဖြစ် ယူဆရသည့်ရေယာဉ်ကို ကာရစ်ဘီယံပင်လယ်၌ အမေရိကန်တပ်မတော် တိုက်ခိုက်

**ဝါရှင်တန် စက်တင်ဘာ ၃**

တရားမဝင်မူးယစ်ဆေးဝါးများ တင်ဆောင်ထားပြီး ဗင်နီဇွဲလားနိုင်ငံမှထွက်ခွာလာသည့် ရေယာဉ်တစ်စီးကို အမေရိကန်တပ်မတော်ကတိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၁ ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးတင် ရေယာဉ်အဖြစ် ယူဆရသည့် ဗင်နီဇွဲလားရေယာဉ်အား အမေရိကန်တပ်မတော်က တိုက်ခိုက်ခဲ့မှုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလား နိုင်ငံဘက်မှ မူးယစ်ဆေးဝါးများဝင်ရောက်မှုကို တားဆီးရေးအတွက် အမေရိကန်အစိုးရသည် ကာရစ်ဘီယံပင်လယ်တောင်ပိုင်း၌ ရေတပ်စစ်သင်္ဘောများဖြန့်ကြက်ထားသည်။

အမေရိကန် အစိုးရသည် ကာရစ်ဘီယံပင်လယ် တောင်ပိုင်း၌ စစ်သင်္ဘောများဖြန့်ကြက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မူးယစ်ဆေးဝါးတင်ရေယာဉ်အဖြစ် ယူဆရသော ရေယာဉ်တစ်စီးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုအားမည်သို့ လုပ်ဆောင်ခဲ့သည်၊ ရေယာဉ်ပေါ်၌ မူးယစ်ဆေးဝါး တင်ဆောင်ထားသည်အပါအဝင် အသေးစိတ်အချက်အလက်များကို အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကာရစ်ဘီယံပင်လယ်တောင်ပိုင်း၌ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော တစ်စီးနှင့်အတူ အမေရိကန်စစ်သင်္ဘော ခုနစ်စီးထိ ရောက်ရှိနေဖွယ်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ပေကျင်းမြို့ ကျောက်ယူတိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေး

**ပေကျင်း စက်တင်ဘာ ၃**

ရုရှားသမ္မတပူတင်ကို အပြည့်အဝထောက်ခံမှု ပေးသွားမည်ဖြစ်ပြီး ရုရှားနိုင်ငံအတွက် ကူညီပေးနိုင်သမျှအရာရာအားလုံးကို ကူညီမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ ကျောက်ယူတိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အလားတူ ယူကရိန်းပဋိပက္ခတွင် ပါဝင်တိုက်ခိုက်ရန် တပ်ဖွဲ့ဝင်များစေလွှတ်ပေးခဲ့သည့်အတွက် မြောက်ကိုရီးယားနိုင်ငံကို ကျေးဇူးတင်ကြောင်း ရုရှားသမ္မတပူတင်က ကင်ဂျုံအန်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။



ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြအခမ်းအနားတက်ရောက်ရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေစဉ် တွေ့ဆုံဆွေးနွေး ခဲ့ကြခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်နှင့်မြောက်ကိုရီးယားခေါင်းဆောင် တို့သည် အဆိုပါ စစ်ရေးပြချီတက်ပွဲသို့ တရုတ်သမ္မတရှီကျင့်ဖျင်နှင့်အတူ တက်ရောက်ခဲ့ပြီးနောက် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေးသည် ယူကရိန်းပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ယခင်ကထက်ပို၍ နက်ရှိုင်းခိုင်မာ လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု စစ်ရေးပြချီတက်ပွဲ၌ လက်နက်အသစ်အဆန်းများ တရုတ်ထုတ်ဖော်ပြသ



**ပေကျင်း စက်တင်ဘာ ၃**

ဒုတိယကမ္ဘာစစ် ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ ယနေ့တွင် ကျင်းပခဲ့ရာ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် နိုင်ငံတကာခေါင်းဆောင်အများအပြား တက်ရောက်ခဲ့ကြသည်။

ကမ္ဘာကြီးအနေဖြင့် စစ်ဆင်ရေးနှင့် ငြိမ်းချမ်းရေးတစ်ခုခု ရွေးချယ်ရမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း စစ်ရေးပြချီတက်ပွဲမိန့်ခွန်း၌ သမ္မတရှီကျင့်ဖျင်က သတင်းပေးစကားပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ယနေ့စစ်ရေးပြချီတက်ပွဲသို့ ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် အပါအဝင် နိုင်ငံတကာခေါင်းဆောင် ၂၆ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ယနေ့စစ်ရေးပြချီတက်ပွဲတွင် တရုတ်တပ်မတော်သည် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်စနစ်များ၊ နျူကလီးယားထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးကျည်သစ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် သင်္ဘောဖျက်ဒုံးကျည်စနစ်သစ်များအပါအဝင် စစ်လက်နက်အသစ်အဆန်းများထုတ်ဖော်ပြသခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မူဝါဒသစ်များကြောင့် နိုင်ငံတကာ ဆက်ဆံရေး အခြေအနေများ မတည်မငြိမ်ဖြစ်နေချိန်တွင် တရုတ်နိုင်ငံက ယနေ့စစ်ရေးပြ ချီတက်ပွဲဖြင့် စစ်အင်အား ထုတ်ပြခဲ့ခြင်းဖြစ်သည်။

ယနေ့ စစ်ရေးပြချီတက်ပွဲသည် မိနစ် ၇၀ ကြာမြင့်ခဲ့ပြီး ငြိမ်းချမ်းရေးငှက်အကောင် ၈၀၀၀၀ ဘေးမဲ့လွှတ်၍ အောင်မြင်စွာအဆုံးသတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ချက်သမ္မတနိုင်ငံ၌ဖွင့်လှစ်မည့် မော်တော်ယာဉ်စက်ရုံ၌ လျှပ်စစ်မော်တော်ယာဉ်မော်ဒယ်သစ်များ တိုယိုတာထုတ်လုပ်မည်

**တိုကျို စက်တင်ဘာ ၃**

ချက်သမ္မတနိုင်ငံ၌ ဖွင့်လှစ်မည့် စက်ရုံသစ်၌ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်မော်ဒယ်ပုံစံသစ်တစ်မျိုး တည်ဆောက်ထုတ်လုပ်မည်ဖြစ်ကြောင်း ဂျပန်အခြေစိုက် တိုယိုတာမော်တော်ယာဉ်ကုမ္ပဏီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါစက်ရုံ၌ ထုတ်လုပ်သည့် မော်တော်ယာဉ်များသည် ဥရောပတိုက်၌ တိုယိုတာကုမ္ပဏီက တည်ဆောက်ထုတ်လုပ်မည့် ပထမဆုံးသော လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် ပုံစံသစ်ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ချက်သမ္မတနိုင်ငံ အခြေစိုက် စက်ရုံသစ်မှထုတ်လုပ်မည့်မော်တော်ယာဉ်အမျိုးအစားနှင့် စတင်ထုတ်လုပ်မည့်အချိန်တို့ကိုတိုယိုတာကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါစက်ရုံသစ်ကို တိုးချဲ့ရေးအတွက် အမေရိကန်ဒေါ်လာ ၇၉၆ သန်း ထပ်မံရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း တိုယိုတာကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

တိုယိုတာ၏ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသစ်၏ ထုတ်လုပ်မှုသည် ချက်သမ္မတနိုင်ငံ၏ စုစုပေါင်းပြည်တွင်း မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှမည်ဖြစ်ကြောင်း ချက်သမ္မတနိုင်ငံ တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် တိုယိုတာကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ပလူတိုဂြိုဟ်သိမ်၏ နစ်နှင့်ဟိုက်ဒရာဂြိုဟ်ရံလများက ချေရွန်ဂြိုဟ်ရံလမှ ပေါ်ထွက်လာသည့် ဂြိုဟ်ရံလများဖြစ်နိုင်



**ဝါရှင်တန် စက်တင်ဘာ ၃**

ပလူတိုဂြိုဟ်သိမ်၏အလတ်စား ဂြိုဟ်ရံလနှစ်စင်းဖြစ်သော နစ်နှင့် ဟိုက်ဒရာဂြိုဟ်ရံလများသည် ပလူတိုဂြိုဟ်သိမ်၏ အကြီးဆုံး ဂြိုဟ်ရံလဖြစ်သော ချေရွန်ဂြိုဟ်ရံလမှပေါ်ထွက်လာသည့် ဂြိုဟ်ရံလများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်မှရရှိထားသော အချက်အလက်များအရ နစ်နှင့် ဟိုက်ဒရာဂြိုဟ်ရံလများ၏ ဖွဲ့စည်းပုံသည် ချေရွန်ဂြိုဟ်ရံလ၏ အတွင်းပိုင်းဖွဲ့စည်းပုံနှင့်တူညီနေကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

နစ်နှင့် ဟိုက်ဒရာဂြိုဟ်ရံလများသည် ချေရွန်ဂြိုဟ်ရံလနှင့် ဂြိုဟ်သိမ်တစ်စင်း ဝင်တိုက်ခဲ့စဉ်က ချေရွန်ဂြိုဟ်ရံလ အတွင်းပိုင်းမှ ပေါ်ထွက်လာသည့် အစအနများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ဂြိုဟ်ရံလများဖြစ်နိုင်ကြောင်း သိရသည်။

နာဆာ၏ New Horizons အာကာသယာဉ်သည် ၂၀၁၅ ခုနှစ်တွင် ပလူတိုဂြိုဟ်သိမ်စနစ်ကို ဖြတ်ကျော်ပျံသန်းခဲ့ပြီး နစ်နှင့် ဟိုက်ဒရာဂြိုဟ်ရံလများ၏ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် နစ်နှင့် ဟိုက်ဒရာဂြိုဟ်ရံလများ၏ဖွဲ့စည်းပုံကို ကွိုက်ပါခါးပတ်ကွင်းနယ်မြေအတွင်းရှိ အာကာသဒြပ်ထည်များ၏ ဖွဲ့စည်းပုံနှင့် နှိုင်းယှဉ်လေ့လာနိုင်ခဲ့သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ နစ်နှင့် ဟိုက်ဒရာဂြိုဟ်ရံလများ၏ဖွဲ့စည်းပုံမှာ ကွိုက်ပါခါးပတ်ကွင်းနယ်မြေအတွင်းရှိ အာကာသဒြပ်ထည်များနှင့်မတူဘဲ ချေရွန်ဂြိုဟ်ရံလအတွင်းပိုင်း ဖွဲ့စည်းပုံနှင့် တူနေသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အပင်စားဒိုင်နိုဆောတစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိ


**ပေကျင်း စက်တင်ဘာ ၃**

ကိုယ်ခန္ဓာအရွယ်အစားကြီးမားသော အပင်စားဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ ကွမ်းရှီးဒေသ၌ တူးဖော်တွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Huashanosaurus qini ဟူ၍ အမည်ပေးထားသည့် အဆိုပါ ဒိုင်နိုဆော၏ကိုယ်ထည်မှာ ၃၉ ပေထိရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Huashanosaurus qini ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်သန်း ၂၀၀ နှင့် ၁၆၂ သန်းကြားကာလ ဂျူရက်ဆစ် ဘူမိခေတ်လယ်၌ ရှင်သန်ကျက်စားခဲ့သည့် ဒိုင်နိုဆောများဖြစ်ကြောင်း သိရသည်။

Huashanosaurus qini ဒိုင်နိုဆောသည် ဆော်ရိုပေါ့ဒ်ဒိုင်နိုဆောမျိုးစုမှပေါ်ထွက်လာသည့် Eusauropod မျိုးစိတ်သစ် ဒိုင်နိုဆောဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။



Huashanosaurus qini ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းသည် တရုတ်နိုင်ငံတောင်ပိုင်း၌ တူးဖော်တွေ့ရှိခဲ့သမျှထဲတွင် သက်တမ်းရှေးအကျဆုံး ဆော်ရိုပေါ့ဒ်ဒိုင်နိုဆောမျိုးစိတ်သစ် ဖြစ်ကြောင်း သိရသည်။

အဆိုပါဒိုင်နိုဆောများသည် ခြေထောက်လေးချောင်းဖြင့် သွားလာလှုပ်ရှားတတ်ပြီး ယနေ့ခေတ်ကွမ်းရှီးဒေသ၌ရှိခဲ့ဖူးသည့် ကမ္ဘာဦး သစ်တောများ၊ မြစ်များနှင့် ရေကန်များအနီး နေထိုင်ခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : KKO**

## နိုင်ငံတကာသိပ္ပံပညာရှင်များက ဂရိနိုင်ငံ၌ တူးဖော်တွေ့ရှိထားသော ရှေးဦးလူဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်း၏သက်တမ်းကို ဖော်ထုတ်နိုင်ခဲ့

**ပဲရစ် စက်တင်ဘာ ၃**

ပြင်သစ်နှင့် တရုတ်သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် ဂရိနိုင်ငံ၌ တူးဖော်တွေ့ရှိထားသော ရှေးဦးလူဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းကို ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Petralona Cranium ဟူ၍ အမည်ပေးထားသည့် အဆိုပါ ရှေးဦးလူဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းကို လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်ကပင် တူးဖော်တွေ့ရှိခဲ့သော်လည်း ၎င်းဦးခေါင်းခွံရိုး၏ သက်တမ်းနှင့်ပတ်သက်၍ သိပ္ပံပညာရှင်များကြား ယနေ့ထိ အငြင်းပွားနေကြရဆဲဖြစ်သည်။

သို့ရာတွင် ပြင်သစ်နှင့်တရုတ်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် အဆင့်မြင့်နည်းပညာများအသုံးချ၍ Petralona Cranium ၏ သက်တမ်းကို တွက်ချက်နိုင်ခဲ့သည်။

သိပ္ပံပညာရှင်များ၏တွက်ချက်မှုအရ Petralona Cranium ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာ နှစ်ပေါင်း ၂၈၆၀၀၀ ထိရှိပြီဖြစ်ရာ ပလိုက်စတိုစင်းဘူမိခေတ်လယ်မှ ရှေးဦးလူတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းဦးခေါင်းခွံဖြစ်နိုင်ကြောင်း၊ Petralona Cranium လူများသည် နီယန်ဒါးဆဲလ်လူများနှင့်ခေတ်သစ်လူတို့၏ဘုံဘိုးဘေးဖြစ်သော ဟိုမိုဟိုင်ဒဲဘားဂျင်းဆစ်လူ (Homo Heidelbergensis)အဖြစ် ရှေးယခင်က မှတ်ယူထားခဲ့ကြကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## Clopidogrel ဆေးက နှလုံးဖောက်နိုင်ခြေ လေဖြတ်နိုင်ခြေတို့ကို လျှော့ချရာတွင် အက်စပရင်ဆေးထက် ထိရောက်မှုရှိနိုင်

**လန်ဒန် စက်တင်ဘာ ၃**

Clopidogrel အမည်ရှိ သွေးကျဲဆေးတစ်မျိုးသည် နှလုံး ရုတ်တရုတ် ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေတို့ကို လျှော့ချရာတွင် အက်စပရင်ဆေးများထက်ပင် ထိရောက်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

နှလုံးသွေးကြောကျဉ်းရောဂါ (CAD)ရှိသူ လူနာများအနေဖြင့် နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို လျှော့ချနိုင်ရေးအတွက် အက်စပရင်ကို နေ့စဉ်သောက်သုံးရန် လိုကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ လန်ဒန် ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Clopidogrel အမည်ရှိ ဆေးသည် CAD လူနာများ၏ နှလုံး ရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို ထိရောက်စွာ လျှော့ချနိုင်ကြောင်း သိရသည်။

Clopidogrel ဆေးသည် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို အက်စပရင်ဆေးထက် ၁၄ ရာခိုင်နှုန်းပို၍ လျှော့ချနိုင်သည်ကိုတွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Clopidogrel သို့မဟုတ် အက်စပရင်ဆေးသုံးစွဲသူ CAD လူနာ ၂၈၉၈၂ ဦးတို့ပါဝင်သော လေ့လာချက်ခုနစ်ခုတို့မှရရှိသည့် အချက်အလက်များ စိစစ်ပြီးနောက် တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စိုးရိမ်သောကဝေဒနာဝင်ရောက်မှုကို လာဗင်ဒါဆီ ထည့်ထားသောဆေးတစ်မျိုးက ကုသပေးနိုင်

**ဝါဆော စက်တင်ဘာ ၃**

လာဗင်ဒါ (Lavender) ခေါ် ရေမွှေးပန်းပင်တစ်မျိုး၏ အဆီထည့်သွင်းထားသော အားဖြည့်ဆေးတစ်မျိုးသည် စိုးရိမ်သောကဝေဒနာ ဝင်ရောက်မှုကိုထိရောက်စွာကုသပေးနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ပိုလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးအရည်အသွေးရှိ လာဗင်ဒါဆီဖြည့်စွက်ဆေးကို နေ့စဉ်ပုံမှန်သောက်သုံးမှုသည် စိုးရိမ်သောကဝေဒနာဝင်ရောက်မှုကို ကုသပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် လာဗင်ဒါဆီဖြည့်စွက်ဆေးများ၏ အာနိသင်သည် လက်ရှိသုံးစွဲနေကြသော စိုးရိမ်သောကဝေဒနာဝင်ရောက်မှု ကုသရေးဆေးများကဲ့သို့ပင် ထိရောက်မှုရှိကြောင်း၊ လာဗင်ဒါဆီဖြည့်စွက်ဆေးများကို လက်ရှိသုံးစွဲနေသည့် စိုးရိမ်သောကဝေဒနာဝင်ရောက်မှု ကုသရေးဆေးများနေရာတွင် စွဲလမ်းစေတတ်သည့် ဂုဏ်သတ္တိမရှိသော ဆေးအဖြစ် အစားထိုး အသုံးပြုနိုင်မည့် အလားအလာများ ရှိကြောင်း ပိုလန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

လာဗင်ဒါဆီသည် Parasympathetic Nervous System ခေါ် နာဗ့်ဆဲလ်စနစ်ကို အထောက်အကူပေးခြင်းဖြင့် စိုးရိမ်သောကဝေဒနာဝင်ရောက်မှုကို ကုသပေးနိုင်သည့် သဘောရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

**Ref : Russia Today**

**Trs : KKO**






# နည်းပြ တန်ဟတ်၏နေရာတွင် နည်းပြ ဇာဗီနှင့် အစားထိုးရန် လေဗာကူဆင်အသင်း ကြိုးပမ်း

**နယူးယောက် စက်တင်ဘာ ၃**

လေဗာကူဆင် အသင်းသည် နည်းပြ တန်ဟတ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ဘာစီလိုနာ အသင်း နည်းပြဟောင်း ဇာဗီကို ခန့်အပ်နိုင်ရန် ဒုတိယအကြိမ် ပစ်မှတ်ထား ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အသင်းအနေဖြင့် နည်းပြ အလွန်ဆို ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ချိန်တွင် နည်းပြ တန်ဟတ်ကို အစားထိုးခဲ့သော်လည်း ၎င်းသည် ဘောလုံးရာသီ စတင်ချိန် ရက်သတ္တပတ်အကြာ ပိုကယ်ဖလားပြိုင်ပွဲ တစ်ပွဲနှင့် အမှတ်ပေးပွဲ နှစ်ပွဲ ကစားပြီးချိန်တွင် အသင်းကို ရလဒ်ကောင်းရယူပေးနိုင်ခြင်းမရှိခဲ့သဖြင့် နည်းပြ၏ စွမ်းဆောင်ရည်ကို သဘောကျခြင်း မရှိသောကြောင့် အသင်းတာဝန်ရှိသူများက ရာထူးမှထုတ်ပယ်ခဲ့သည်။

လေဗာကူဆင် အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ ကတည်းက နည်းပြ ဇာဗီကို ခန့်အပ်ရန်ကမ်းလှမ်းခဲ့ရာ ဇာဗီက ၎င်းအနေဖြင့် နည်းပြလောကသို့ ပြန်လည် ဝင်ရောက်လိုခြင်းမရှိကြောင်း ပြောကြားခဲ့သဖြင့် ခေါ်ယူနိုင်ခြင်း မရှိခဲ့သော်လည်း ယခုတစ်ကြိမ်တွင် ထပ်မံကမ်းလှမ်းမှုပြုလုပ်၍ နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိသည်။

နည်းပြဇာဗီသည် ၂၀၂၁ ခုနှစ်က ဘာစီလိုနာအသင်းကို စတင်တာဝန်ယူခဲ့ချိန်တွင် တိုက်စစ်မှူး မက်ဆီ ထွက်ခွာပြီးနောက်ပိုင်း ကွင်းလယ်ပိုင်းကို အကောင်းဆုံး တည်ဆောက်နိုင်ခဲ့ပြီး ကွင်းလယ်ပိုင်းတွင် လူငယ်ကစားသမားများ ဖြစ်သည့် ဂါဗီ၊ ပက်ထရီ တို့အပြင် ဘာလိတ်၊ ကာဆာဒို၊ ဖာမင်လိုပက်ဇ်၊ ကျူဘာစီ၊ ယာမယ်တို့ကဲ့သို့ လာမာစီယာအသင်းမှ အရည်အသွေးကောင်းသည့်ကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် လာလီဂါဆုဖလား ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လေဗာကူဆင် အသင်းက အသင်းကိုရလဒ်ကောင်းများ ရယူပေးနိုင်မည့် နည်းပြဇာဗီကို နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကာ လာမည့် ချန်ပီယံလိဂ်ပွဲစဉ်မစတင်မီ အသင်းနှင့် ပူးပေါင်းနိုင်ရန် ဆွေးနွေးနေကြောင်း သိရသည်။

Ref : SI

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ယခုနှစ် အပြောင်းအရွှေ့ကာလတွင် နိုင်ငံတကာမှ ကလပ်အသင်းများက အပြောင်းအရွှေ့ပေါင်း ၁၂၀၀၀ နီးပါးပြုလုပ်ခဲ့ရာတွင် အပြောင်းအရွှေ့အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၆ ဘီလီယံထိ ရှိခဲ့သောကြောင့် ယခင် ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းထိ ပိုများခဲ့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။
- ဇူလိုင်လက ကစားခဲ့သည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေချင်းဝတ်ကျိုးဒဏ်ရာကြောင့် အနားယူနေရသည့် လူငယ်တိုက်စစ်ကစားသမား မူစီအာလာက ယခုနှစ်အတွင်း ဘောလုံးပြန်ကစားနိုင်ရန် ပစ်မှတ်ထားနေပြီး လာမည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားရန် မျှော်လင့်နေကြောင်း သိရသည်။
- လက်စတာအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့သည့် အသက် ၃၈ နှစ်ရှိ တိုက်စစ်မှူး ဗာဒီကို စီးရီးအေကလပ် ခရီမိုနန်စီအသင်းက ခေါ်ယူခဲ့ကြောင်း သိရသည်။ ML

# ဘောလုံးသမိုင်းတစ်လျှောက် ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုသည့် ကလပ်အသင်းအဖြစ် လီဗာပူးအသင်းထိပ်ဆုံး၌ ရပ်တည်

**လန်ဒန် စက်တင်ဘာ ၃**



ယခု နွေရာသီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းသည် ကစားသမားသစ် ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၁၅သန်းထိအသုံးပြုခဲ့သောကြောင့် ဘောလုံး သမိုင်းတစ်လျှောက် ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုခဲ့သည့် ကလပ်အသင်းဖြစ်ခဲ့သည်။

လီဗာပူးအသင်းသည် နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်း ဖလိုရီယန်ဝစ်နှင့် အစ်ဆက်ခ်တို့ကို စံချိန်တင် ပြောင်းရွှေ့ကြေးများဖြင့် ခေါ်ယူခဲ့သည့်အပြင် ဖရင်ပေါင်၊ ကာကက်ဇ်၊ အီကီတီကီ စသည့် ကစားသမားများကို ခေါ်ယူရာတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၁၅ သန်းထိ သုံးစွဲခဲ့သောကြောင့် အပြောင်းအရွှေ့ ကာလတစ်ခုအတွင်း ငွေကြေးသုံးစွဲမှု အများဆုံး အသင်းဖြစ်ခဲ့သည်။

ကမ္ဘာ့ဘောလုံး သမိုင်းတွင် အပြောင်းအရွှေ့ ကာလတစ်ခုအတွင်း ငွေကြေးသုံးစွဲမှုအများဆုံး ပြုလုပ်ခဲ့သည့် ကလပ်အသင်းများအဖြစ် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းက စတာလင်ပေါင် ၄၁၅ သန်းဖြင့် အဆင့်(၁)၊ ၂၀၂၃ နွေရာသီ အပြောင်းအရွှေ့ကာလတွင်ချဲလ်ဆီး အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင်၃၉၁သန်းဖြင့် အဆင့်(၂)၊ ၂၀၂၃ နွေရာသီတွင် ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၉၈သန်းဖြင့် အဆင့်(၃)၊ ၂၀၂၃ နွေရာသီတွင် ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၉၅ သန်းဖြင့် အဆင့်(၄)၊ ၂၀၂၅ နွေရာသီတွင် ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၈၂ သန်းဖြင့် အဆင့်(၅)တွင် ရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၉ နွေရာသီတွင် ရီးရဲလ်မက်ဒရစ် အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇၉ သန်းဖြင့် အဆင့်(၆)၊ ၂၀၂၃ ဇန်နဝါရီ အပြောင်းအရွှေ့တွင် ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၂၇၈ သန်းဖြင့် အဆင့်(၇)၊ ၂၀၂၅ နွေရာသီတွင် အာဆင်နယ်အသင်းက စတာလင်ပေါင် ၂၅၅ သန်းဖြင့် အဆင့်(၈)၊ ၂၀၂၂ နွေရာသီတွင် ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅၄ သန်းဖြင့် အဆင့်(၉)၊ ၂၀၂၅ နွေရာသီတွင် နယူးကာဆယ် အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၅၀ ဖြင့် အဆင့်(၁၀)တွင် အစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : SI

Trs : ML

# ရိုဒရီအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိုကြောင်း ကာဗာဂျယ် ထုတ်ဖော်ပြောကြား

**မန်ချက်စတာ စက်တင်ဘာ ၃**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိနေကြောင်း စပိန်လက်ရွေးစင်အသင်းဖော် ကာဗာဂျယ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရိုဒရီသည် မန်စီးတီးအသင်းနှင့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေပြီး ယခုနှစ်နွေရာသီတွင် ရီးရဲလ်မက်ဒရစ်က ကမ်းလှမ်းလာချိန်တွင် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသော်လည်း ၎င်းအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာကြောင့် အနားယူခဲ့ရကာ ဒဏ်ရာပြန်လည်ကောင်းမွန်ချိန်တွင် ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်အတွက် အသင်းအတွက် ပါဝင်ကစားပေးရန် ဆုံးဖြတ်ထားသဖြင့် အသင်းမှ မထွက်ခွာနိုင်ခဲ့ကြောင်း စပိန်အသင်းဖော်ကစားသမား ကာဗာဂျယ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ကွင်းလယ်ပိုင်းမှ တိုနီခရူးစ်နှင့် မိုဒရစ်တို့ကို လက်လွှတ်ခဲ့ရပြီးနောက် ကွင်းလယ်ပိုင်း ပြန်လည်ဖြည့်တင်းနိုင်ခြင်းမရှိခဲ့ဘဲ ယခုအပြောင်းအရွှေ့ကာလတွင်လည်း စတုဂတ်အသင်း ကွင်းလယ်ကစားသမား စတယ်လာနှင့် ရိုဒရီတို့ကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း တရားဝင်ကမ်းလှမ်းမှုမရှိခဲ့သဖြင့် လက်ရှိကွင်းလယ်ပိုင်းတွင် ဘောလုံးကို ထိန်းချုပ်ကစား၍ ခံစစ်၊ တိုက်စစ်လိုက်ပါပေးနိုင်သည့် ကစားသမား မရှိသောကြောင့် ဂိုးရရှိရေးအတွက် ရုန်းကန်နေရသည်။

သို့သော် ရိုဒရီအနေဖြင့် လာမည့်နှစ်နွေရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထား ကြိုးပမ်းလာပါက ၎င်းအနေဖြင့် ပြောင်းရွှေ့မည်ဟု ယုံကြည်ကြောင်း ကာဗာဂျယ်က ဆက်လက်ပြောကြားခဲ့သည်။

Ref : Goal.com

Trs : ML

# WBC Continental Americas လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် အဆာနူအာက လိုက်ဒေါင်အာဒီနှင့် ယှဉ်ပြိုင်ထိုးသတ်မည်

**မွန်ထရီရယ် စက်တင်ဘာ ၃**

WBC Continental Americas လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ဘယ်လာရုစ်လက်ဝှေ့သမား အဆာနူအာသည် ပြင်သစ်လက်ဝှေ့သမား လိုက်ဒေါင်အာဒီနှင့် စက်တင်ဘာ ၄ ရက်တွင် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆာနူအာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက် လာခဲ့ပြီးနောက် စိန်ခေါ်ပွဲ ၁၀ ပွဲထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးလည်း ဖြစ်ကာ ပွဲအရေအတွက် နည်းသေးသော်လည်း စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့၍ ချန်ပီယံခါးပတ်အတွက် ယှဉ်ပြိုင်ထိုးသတ်ခွင့် ရလာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအဆင့် လက်ဝှေ့ပြိုင်ပွဲများတွင် ဘယ်လာရုစ်နိုင်ငံမှ ချန်ပီယံဖြစ်ခဲ့ဖူးသူ သုံးဦးသာ ရှိထားပြီး အဆာနူအာအနေဖြင့် လေးယောက်မြောက် ချန်ပီယံဖြစ်ခွင့်ရလိုကြောင်း ပြောကြားခဲ့သည်။

အဆာနူအာနှင့် ထိုးသတ်သွားမည့် လိုက်ဒေါင်အာဒီသည် အတွေ့အကြုံရှိသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သလို ပရော်ဖက်ရှင်နယ် လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲပေါင်း ၂၉ ပွဲ ထိုးသတ်ထားကာ ရှုံးပွဲမရှိရလဒ်ကို ရရှိထားသူလည်းဖြစ်သည်။



အဆာနူအာက "ရှုံးပွဲမရှိသေးတဲ့ပြိုင်ဘက်နဲ့ ထိုးသတ်သွားရမှာကို စိတ်လှုပ်ရှားမိပါတယ်။ လိုက်ဒေါင်အာဒီဟာ အတွေ့အကြုံလဲရှိတဲ့ လက်ဝှေ့သမားတစ်ဦးပါ။ သူ့ရဲ့ စိန်ခေါ်ပွဲထိုးသတ်ဟန်တွေကို ရုပ်သံတွေကနေတစ်ဆင့် ကျွန်တော် ကြည့်ခဲ့ဖူးတယ်။ သူဟာ နည်းစနစ်ပိုင်းကြွယ်ဝတဲ့ လက်ဝှေ့သမားတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အတွေ့အကြုံနည်းတယ်ဆိုပေမဲ့လဲ အပျော်တမ်းလက်ဝှေ့သမားဘဝတုန်းက ရခဲ့တဲ့ အတွေ့အကြုံတွေက ကျွန်တော့်ကို အများကြီးကူညီပေးနိုင်ပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ring Magazine

Trs : AZL

# မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ




**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာ့လက်ရွေးစင်အမျိုးသား ဖူဆယ်အသင်းသည် တရုတ်နိုင်ငံ တွင် ကျင်းပမည့် CFA Team China Beiguo – Renbai Group Shijiazhuang Futsal International Tournament ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် တရုတ်နိုင်ငံသို့ ယနေ့နံနက်ပိုင်းက ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းသည် ကစားသမား ၁၈ ဦး၊အုပ်ချုပ်သူနည်းပြ ခြောက်ဦး ဖြင့် အဆိုပါဖိတ်ခေါ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသား ဖူဆယ်အသင်းသည် CFA Team China Beiguo – Renbai Group Shijiazhuang Futsal International Tournament ပြိုင်ပွဲ၏ အုပ်စုအဆင့် ပွဲစဉ်များအဖြစ် စက်တင်ဘာ ၅ ရက်တွင် နယူးဇီလန်အသင်း၊ စက်တင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားအသင်း၊ စက်တင်ဘာ ၈ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **SAT**

# မန်ယူအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ကစားသမားမှတ်ပုံတင်မှုစည်းမျဉ်း ချိုးဖောက်ခဲ့သည့် ဂရင်းစ်ဘိုင်အသင်း ပြစ်ဒဏ်ချမှတ်ခံရ

**မန်ချက်စတာ စက်တင်ဘာ ၃**

ကွာရာဘောင်းဖလား ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်ယူအသင်းနှင့် ဂရင်းစ်ဘိုင်အသင်းတို့ပွဲစဉ်တွင် ဂရင်းစ်ဘိုင်အသင်းအနေဖြင့် ကစားသမားမှတ်ပုံတင်စည်းမျဉ်း ချိုးဖောက်ခဲ့သည့်အတွက် စတာလင်ပေါင် ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

အဆိုပါပွဲစဉ်အတွက် ကစားသမားစာရင်း မှတ်ပုံတင်သွင်းရာတွင် ဂရင်းစ်ဘိုင်အသင်းသည် သတ်မှတ်ထားသည့် အချိန်ထက် တစ်မိနစ်ကျော်ကြာ နောက်ကျခဲ့ခြင်းဖြစ်သည်။

ဂရင်းစ်ဘိုင်အသင်းသည် အဆိုပါပွဲစဉ်အတွက် ကစားသမားစာရင်း မှတ်ပုံတင်သွင်းရာတွင် ကွင်းလယ် ကစားသမား အိုဒူယိုကို စာရင်းပေးသွင်းရာ၌ သတ်မှတ်ထားသည့် အချိန်ထက်နောက်ကျပြီးမှ စာရင်းပေးသွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်အတွက် ဂရင်းစ်ဘိုင် အသင်းအနေဖြင့် စတာလင်ပေါင် ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ပြီး စတာလင်ပေါင် ၁၀၀၀၀ ကို ချက်ချင်း ပေးဆောင်ရမည်ဖြစ်ပြီး ကျန် ၁၀၀၀၀ ကို ဆိုင်းငံ့ပေးခဲ့ခြင်း ဖြစ်သည်။

ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ကစားသမားစာရင်း ပေးသွင်းရန်နောက်ကျပြီး တရားမဝင်ကစားသမားအသုံးပြုမည်ဆိုပါက ဒဏ်ကြေးငွေပြစ်ဒဏ်ချမှတ်သည့် စနစ်ကိုသာ အသုံးပြုသည့်အတွက် မန်ယူအသင်းအနေဖြင့် စေ့ဒက တက်ခွင့်မရှိခဲ့ဘဲ ကျေနပ်ခဲ့ရကြောင်း သိရသည်။ **Ref : Fotmob**

**Trs : STA**

# US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျိုကိုဗစ်က တေလာဖရစ်ဇ်ကို အနိုင်ရရှိ

**နယူးယောက် စက်တင်ဘာ ၃**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် အမေရိကန်တင်းနစ်ကစားသမားတေလာဖရစ်ဇ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃ ၊ ၇-၅ ၊ ၃-၆ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ဂျိုကိုဗစ်သည် ပြိုင်ပွဲမတိုင်မီ အသက်အရွယ်အရ အကျပိုင်းရောက်နေပြီဟု သုံးသပ်ချက်များ ထွက်ပေါ်ခဲ့ပြီး ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားစာရင်း၏ထိပ်ပိုင်းတွင် ပါဝင်ခဲ့ခြင်း မရှိသော်လည်း အကောင်းဆုံးစွမ်းဆောင်ရည်များ ပြသကာ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်လာနိုင်ခဲ့ပြီဖြစ်သည်။

ဂျိုကိုဗစ်သည် တေလာဖရစ်ဇ်အား ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသည့်အတွက် ပွဲပန်းနေသော်လည်း အနိုင်ရလဒ်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

ဂျိုကိုဗစ်က "တော်တော်လေးကို ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ အကြိတ်အနယ်ရှိခဲ့သလို သူတင်ကိုယ်တင် ကစားခဲ့ရတဲ့အတွက် တော်တော်လေး ပင်ပန်းခဲ့တယ်။ ပွဲအလှည့် အပြောင်းဖြစ်နိုင်တဲ့ ရလဒ်တွေကို ရရှိခဲ့ပြီးတော့ Break Point တချို့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေဟာ အားရကျေနပ်စရာ ကောင်းခဲ့ပါတယ်။ ကျွန်တော့်အထင်တော့ ကံကောင်းခဲ့တာလဲပါမယ်။တေလာအနေနဲ့ Double faults တွေ ကျူးလွန်ခဲ့မိတယ်။ တေလာအနေနဲ့ ဒီလိုဖြစ်လေ့ဖြစ်ထမရှိတဲ့အတွက် ကျွန်တော် ကံကောင်းခဲ့တယ်။ ကွာတားဖိုင်နယ်ပွဲစဉ် ပြီးသွားတဲ့ထိ ပြိုင်ပွဲထဲမှာ ဆက်လက်ရှိနေသေးလို့ ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပွဲပန်းနေသည့် ဂျိုကိုဗစ်အတွက် ခက်ခဲသည့် ပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ဂါစီယာ ထုတ်ပြန်

**မက်ဒရစ် စက်တင်ဘာ ၃**

စပိန်ဂေါက်သီးရိုက်ကစားသမား ဂါစီယာသည် စက်တင်ဘာ ၄ ရက်တွင် ကျင်းပြုလုပ်မည့် Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂါစီယာသည် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် Team Europe ၏ အသင်းခေါင်းဆောင် လုပ်ခ်ဒေါ်နယ်ရွေးချယ်လိုက်သည့် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ခြင်းမရှိသည့်အပေါ်စိတ်ပျက်နေပြီး Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုစိတ်မရှိတော့သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂါစီယာအနေဖြင့် LIV Golf ဖြင့် ပူးပေါင်းထားသည့် ကစားသမားဖြစ်သည့်အတွက် စွမ်းဆောင်ရည်ရမှတ်အရ အမှတ်ပေးဇယားတွင် ထည့်သွင်းတွက်ချက်ခြင်း မခံရသောကြောင့်Captain Pick စာရင်းတွင် ပါဝင်ခွင့်ရရှိရန် မျှော်လင့်နိုင်သည့် အခြေအနေဖြစ်သော်လည်း အသင်းခေါင်းဆောင် လုခ်ဒေါ်နယ်က LIV Golfအဖွဲ့ချုပ်ဖြင့်ပူးပေါင်းနေသည့်ကစားသမားများအနက် စပိန်ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းတစ်ဦးတည်းကိုသာ ရွေးချယ်ခဲ့သည်။

ဂါစီယာက "Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မဲ့ Team Europe မှာ ပါဝင်ခွင့်ရဖို့အတွက် အများကြီး မျှော်လင့်ထားခဲ့ပါတယ်။ ဒါပေမဲ့လဲ အသင်းရဲ့ လူစာရင်းမှာ ပါဝင်ခွင့်မရခဲ့ပါဘူး။ စိတ်ဓာတ်ပိုင်းဆိုင်ရာကို တော်တော်လေး ရိုက်ခတ်မှုရှိပါတယ်။ ကြံ့ခိုင်မှုပြဿနာထက် စိတ်ဓာတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုက ကစားသမားတစ်ယောက်အတွက် ပိုပြီးတော့ ခက်ခဲစေပါတယ်။ ဒါကြောင့် အနားပေးဖို့လိုအပ်သလို စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်မှုရှိနေတဲ့အချိန် ပြိုင်ပွဲမဝင်တာ ပိုကောင်းပါတယ်။ ဒါကြောင့် Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**

**Trs : AZL**



# ၂၀၂၆ အာရှယူ- ၂၃ ဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၂၆ အာရှယူ-၂၃ ဖလား ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့် ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ထူးဝေယံ၊ ဆခန့်ချော၊ မြတ်ဖုန်းခန့်၊အာကာကျော်၊ ဖွဲ့မာန်သာ၊သန်းတိုးအောင်၊ မင်းမော်ဦးနှင့် ခန့်ဇင်ဟိန်း၊ ရဲရင့်ဖြိုး၊စွမ်းထက်နှင့် ဟိန်းထက်စိုးတို့ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများ ရှိခဲ့ပြီး ဂိုးသွင်းခွင့်အခွင့်အရေးများ ရရှိခဲ့ကြသော်လည်း နှစ်ဖက်အသင်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ကြောင်းသိရသည်။

မြန်မာအသင်း အနေဖြင့် ကူဝိတ်အသင်းနှင့် သရေရလဒ်ကြောင့် ခြေစစ်ပွဲ အောင်မြင်ရန်အတွက် အုပ်စုလက်ကျန်ပွဲစဉ်များတွင် ရှန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။

**STA**

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

နေလင်းသူ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့်အစိတ်အပိုင်းမှာ "ပညာရေး"ပင်ဖြစ်သည်။ ပညာရေးသည် ကျောင်းသား၊ ကျောင်းသူကလေးလူငယ်တစ်ဦးချင်းစီ၏ အနာဂတ်နှင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည်။ ပညာတတ်ပေါ်များသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးအကြီးဆုံးစနအင်အားသည် မြေပေါ်မြေအောက်သယံဇာတများမဟုတ်ဘဲ ပညာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးအရှိဆုံးနှင့် အင်အားအကြီးမားဆုံးရတနာမှာ "ပညာတတ်လူသားအရင်းအမြစ်"ပင်ဖြစ်သည်။

ပညာရေးသည် စီးပွားရေးသာမက လူမှုရေးနှင့် နိုင်ငံရေးဘဝကိုပါ မြှင့်တင်ပေးသည်။ ပညာတတ်ပြီး တွေးခေါ်တတ်သည့် နိုင်ငံသားများသည် မိမိတို့၏ အခွင့်အရေးနှင့်တာဝန်ကို ကောင်းစွာနားလည်သဘောပေါက်ကြသည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရကို တန်ဖိုးထားပြီး နိုင်ငံရေးဖြစ်စဉ်များတွင် အပြုသဘောဖြင့် တက်ကြွစွာပါဝင်ကြသည်။ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းကြောင့် သတင်းအမှားနှင့် အမှန်ကိုခွဲခြားနိုင်ပြီး အစွန်းရောက်ဝါဒီအတွေးအခေါ်များ၏ သားကောင်မဖြစ်အောင် ကာကွယ်နိုင်သည်။ ထို့ကြောင့် ပညာတတ်ပြည်သူများ များပြားလာသည်နှင့်အမျှ ပြည်သူ့ကျန်းမာရေးအဆင့်အတန်းမြင့်မားလာခြင်း၊ ရာဇဝတ်မှုနှုန်းများကျဆင်းလာခြင်းနှင့် လူမှုဘဝတွင် သဟဇာတဖြစ်မှုပိုမိုအားကောင်းလာခြင်း စသည့်အကျိုးကျေးဇူးများကိုပါ ရရှိစေသည်။ အသိပညာဟူသောအလင်းရောင်သည် လူ့အဖွဲ့အစည်းအတွင်းရှိ အမိုက်အမှောင်ကို ဖယ်ရှားပေးနိုင်စွမ်းရှိသည်။

ပညာသင်ကြားခွင့်ရခြင်းသည် လူတစ်ဦးအတွက် အခွင့်အလမ်းပေါင်းများစွာ၏တံခါးကို ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ပညာသင်ကြားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကိုတည်ဆောက်ပေးပြီး ဖန်တီးနိုင်စွမ်းကို မွေးမြူပေးသည်။ ပြဿနာဖြေရှင်းနိုင်စွမ်းကို မြှင့်တင်ပေးသည်။ ထို့ပြင် ပညာရေးသည် မိမိတို့၏ ယဉ်ကျေးမှု၊ စာပေ၊ သမိုင်းနှင့် အမျိုးသားရေးအမှတ်လက္ခဏာများကို တန်ဖိုးထားထိန်းသိမ်းလိုစိတ်ကိုလည်း ဖြစ်ပေါ်စေသည်။ ပညာတတ်များမှတစ်ဆင့် မျိုးဆက်သစ်များအား မိမိတို့၏ အဖိုးတန်အမွေအနှစ်များကို စနစ်တကျလက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်သည်။

ပညာနှင့်ပတ်သက်၍ ဗုဒ္ဓတရားတော်များတွင် "သိ"ဆိုသည့်စကားကို "ပဇာနတိ"ဟု သုံးထားသည်။ သိခြင်းနှင့်ပတ်သက်၍ ပါဠိစာပေအများအပြားရှိသော်လည်း "ပဇာနတိ"ဆိုသည့်ဝေါဟာရသည် အမြင့်ဆုံးဟုသတ်မှတ်ထားကြောင်း မှတ်သားဖူးသည်။ မြတ်စွာဘုရားက "သိပါ"ဟု ဟောထားသည်မှာ "အများအားဖြင့်သိပါ၊ လေးလေးနက်နက်သိပါ၊ အဖက်ဖက်က ထောင့်စုံအောင်သိပါ၊ ထိုးထွင်း၍သိပါ"ဆိုသည့်သဘောတရားများပါကြောင်း သိရသည်။ ပညာတည်းဟူသော ဆီမီး၏အလင်းရောင်ကြောင့် အဝိဇ္ဇာတည်းဟူသော အမိုက်အမှောင်သည် လွင့်စဉ်ကင်းပျောက်ရသည်။ ထို့ကြောင့် "ပညာ" သည် ပိုင်းခြားခြင်း၊ ဆုံးဖြတ်ခြင်းသဘောရှိပြီး ထွန်းပခြင်းလက္ခဏာရှိသည်ဟု မှတ်သားဖူးသည်။

ပညာရှာရာတွင် အခြေခံအကျဆုံး အင်္ဂါငါးရပ်ရှိသည်။ ထိုအင်္ဂါငါးရပ်မှာ သဒ္ဓါတရားရှိခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်း၊ ဝီရိယရှိခြင်း၊ ကောက်ကျစ်စဉ်းလဲမှုမရှိခြင်း၊ သတိရှိခြင်းတို့ဖြစ်သည်။

**သဒ္ဓါတရားရှိခြင်း**

မြန်မာစာတွင် စေတနာဆိုသည့်စကားနှင့် သဒ္ဓါဆိုသည့်စကား ရောသုံးတတ်သည်။ စေတနာသည် positive လည်းရှိသကဲ့သို့ negative လည်းရှိသည်။ အကုသိုလ်စေတနာ၊ ကုသိုလ်စေတနာဟုဆိုသည်။ သဒ္ဓါဟူသည် ကြည်လင်ခြင်းရှိ၍ အမှန်တရားကို ရှေးရှုပြီး သိမ်မွေ့သည့်စိတ်မျိုးကို သဒ္ဓါဟုခေါ်ခြင်းဖြစ်သည်။

**ကျန်းမာကြံ့ခိုင်ခြင်း**

ကျန်းမာကြံ့ခိုင်ခြင်းမရှိဘဲနှင့် အမှန်တရားကို ရှာဖွေရန် ခက်ခဲနိုင်သည်။ လက်ရှိစာသင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသင်ခန်းစာများအပြင် ကာယဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ကောင်းမွန်ရေး၊ အာဟာရဓာတ်ပြည့်ဝရေး အစရှိသည်တို့ကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ ပညာရှာသည့်အခါ၊ အမှန်တရားကို ရှာဖွေသည့်အခါ သဒ္ဓါတရားရှိခြင်း၊ ကျန်းမာရေးနှင့်ပြည့်စုံခြင်းအပြင် ဝီရိယရှိရမည်ဖြစ်ကြောင်း မှတ်သားဖူးသည်။

**ကောက်ကျစ်စဉ်းလဲမှုမရှိခြင်း**

ပညာရှာသည့်အခါ ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်စားခြင်းသည် ပညာရှိဖြစ်ရန် အခက်ခဲဆုံးပင်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် လူအများကို လှည့်စားခြင်းထက် မိမိကိုယ်ကိုလှည့်စားခြင်းသည် ပို၍အန္တရာယ်များသည်။ ပညာတတ်တစ်ယောက်ဖြစ်ခြင်းထက် မိမိကိုယ်မိမိ မလိမ်ခြင်း၊ မိမိစိတ်အတိုင်း အရှိကိုအရှိအတိုင်း မထောက်မညှာကြည့်နိုင်ခြင်းသည် ပို၍ခက်ခဲသည်။ ပညာရှာသည့်အခါ ပညာကို သင်ယူလိုစိတ်ရှိခြင်း၊ ဝီရိယရှိခြင်း၊ ကျန်းမာရေးကောင်းခြင်းရှိရမည့်အပြင် လိမ်လည်လှည့်ဖြားကောက်ကျစ်ခြင်းမရှိမှသာ ပညာစစ်ကို ရရှိနိုင်မည်ဖြစ်သည်။

**သတိရှိခြင်း**

ပညာရှာရာတွင် လူသားများဖြစ်သည့်အတွက် ပါရမီပြည့်စုံခြင်းမရှိပါက ပညာ၊ ဝီရိယ၊ သဒ္ဓါတို့သည် လွန်တတ်၊ ကျွံတတ်၊ အစွန်းရောက်တတ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လောကီပညာဖြစ်စေ၊ လောကုတ္တရာပညာဖြစ်စေ သတိသည် အရေးကြီးသည်။ သတိမရှိပါက ပညာမရဖြစ်တတ်သည်။ သတိသည်သာလျှင် အပိုအလိုမရှိအောင် ထိန်းသိမ်းခြင်း၊ အစွန်းမရောက်အောင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်စွမ်းရှိသည်။ ထို့ကြောင့် တစ်ဦးချင်းအနေဖြင့် ပညာရှာရာတွင်ဖြစ်စေ၊ ပညာရေးနှင့်ဆိုင်သည့် ပညာပေးသောနေရာများတွင်ဖြစ်စေ သတိသည် အလွန်အရေးကြီးသည်။

အမျိုးသားပညာရေးနှင့်ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ပြင်သစ်နှင့်ဂျာမနီတို့၏ ယေနာ(Jena)မြို့သိမ်းတိုက်ပွဲမှ အစပြုရမည်ဖြစ်သည်။ ပြင်သစ်နှင့် ပရုပ်ရှန်း(ဂျာမနီ)တို့သည် ၁၈၀၆ ခုနှစ်တွင် ယေနာ(Jena)မြို့တွင် စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲတွင် ပရုပ်ရှန်း(ဂျာမနီ)တို့ အတုံးအရုံးမရှုမလှကျဆုံးခဲ့ကြသည်။ ထိုဆုံးရှုံးမှုကို ပရုပ်ရှန်း(ဂျာမနီ)တို့သည် "ယေနာကံဆိုးမိုးမှောင်ကျမှု"ဟု သတ်မှတ်ခဲ့သည်။ ထိုအချိန်မှစ၍ ပရုပ်ရှန်း(ဂျာမနီ)တို့သည် ဆုံးရှုံးမှုမှ သင်ခန်းစာယူ၍ ၎င်းတို့၏ဇာတိမာန်ကို နိုးထစေခဲ့သည်။ ထိုအချိန်မှစ၍ ပရုပ်ရှန်း(ဂျာမနီ)တို့သည် အမျိုးသားပြန်လည်ရှင်သန်ထမြောက်ရေးအတွက် ဉာဏ်ပညာကို တစ်ခဲနက်အသုံးပြုရန်အတွက် အမျိုးသားပညာရေးစနစ်ကို စတင်အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချခဲ့သည်။ ပညာရေးကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကိစ္စ၊ မိသားစုကိစ္စ၊ အဖွဲ့အစည်းတစ်ခု၏ကိစ္စအဖြစ် သဘောမထားဘဲ အမျိုးသားရေးအဖြစ်သဘောထား၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၁၈၇၀ ပြည့်နှစ် ၆၄ နှစ်အကြာတွင် ပြင်သစ်ဘုရင် တတိယမြောက်နပိုလီယန်နှင့် ပရုပ်ရှန်း(ဂျာမနီ)တို့သည် ဆီးဒန်းမြို့တိုက်ပွဲတွင် ပြင်သစ်များစစ်ရှုံးခဲ့ပြီး ထိုစစ်ပွဲကို "ပရုပ်ရှန်းကျောင်းဆရာ၏အောင်ပွဲ"(Victory of Prussian Schoolmasters)ဟု သမိုင်းမှတ်တမ်းတင်ခဲ့သည်။ ပရုပ်ရှန်း(ဂျာမနီ)တို့သည် ပညာရေးစနစ်ကို အမျိုးသားရေးတစ်ရပ်အနေဖြင့် ပြုပြင်လိုက်သည့်အတွက် နိုင်ငံသားများသည် စည်းကမ်းတိုးတက်လာပြီး ဉာဏ်ပညာထက်မြက်လာသည်။ တာဝန်သိလာပြီး စည်းရုံးတတ်လာသည်။ ထို့ကြောင့် ပြင်သစ်တို့ကို အနိုင်တိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုအချိန်မှစ၍ အမျိုးသားပညာရေးစနစ်ကို အားပေးလာကြပြီး နိုင်ငံအလိုက် မိမိတို့နှင့်ကိုက်ညီသည့် ပညာရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လာကြသည်။

စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့်စကားအတိုင်း နိုင်ငံသားအားလုံးက စည်းကမ်းများကို လိုက်နာနိုင်ရန် ကျောင်းနေအရွယ်ကတည်းက စတင်ကြရမည်ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသည့်ဆောင်ပုဒ်မှာ မျိုးဆက်သစ်အဆက်ဆက်တို့ မပြောင်းမလဲလိုက်နာရမည့်ဆောင်ပုဒ်ဖြစ်သည်။ ကျောင်းနေခဲ့ရသူများအနေဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူများဖြစ်ကြပြီး ကျောင်းနေခဲ့ရခြင်းမရှိသူများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများ၌ အားနည်းချက်များရှိနေမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူသားတို့အတွက် Life Long Education သည် အရေးပါလျက်ရှိသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်အတွက်လည်း Life Long Education သည် မဖြစ်မနေရှိရမည့် စနစ်တစ်ခုဖြစ်သည်။ ပညာရေးသည် အဆုံးမရှိ၊ ပညာရေးပြုပြင်တီထွင်မှုများသည်လည်း အဆုံးမရှိ၊ အမြဲတမ်းကြိုးစားပြုပြင် တီထွင်ကြံစည်နေမှသာ တန်ရုံကျမည်ဖြစ်သည်။ ထို့ပြင် ပညာရေးသည် တိုင်းပြည်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ ပညာ၏သဘောသည် အသိပညာ၊ အတတ်ပညာ၊ လုပ်ငန်းကျွမ်းကျင်မှု၊ စိတ်နေစိတ်ထား၊ သဘောထား၊ စာရိတ္တသဘောများအပြင် ဖြူစင်မှုစံရိတရား အစရှိသည့်ဒဿနအမြင်ပညာရပ်များလည်း ပါဝင်နေသည့်အတွက် အကြီးမားဆုံးသောလူ့ကျင့်ဝတ်၊ လူ့တာဝန်ဆိုသည့် ခံယူချက်ပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှတည်ဆောက်ရာတွင် ပညာရေးသည် အဓိကအကျဆုံးသော့ချက်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှု၊ ကျွမ်းကျင်မှုတို့နှင့်ပြည့်စုံသည့် နိုင်ငံသားတို့၏အားနှင့် နိုင်ငံကို ပုံဖော်တည်ဆောက်ရာတွင် ခိုင်မာအားကောင်းသည့် ပညာရေးစနစ်မရှိဘဲ ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုခရီးသည် ထိုနိုင်ငံ၏ပညာရေးစနစ် မည်မျှခိုင်မာအားကောင်းသည်ဟူသော အချက်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။

မြန်မာနိုင်ငံသည် "အသိပညာ၊ အတတ်ပညာပြည့်စုံသောပညာတတ်များမွေးထုတ်ရန်"ဟူသည့် မျှော်မှန်းချက်ဖြင့် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပညာရေးကို မြှင့်တင်အားပေးခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးနှင့် အရေးကြီးဆုံးသောရင်းနှီးမြှုပ်နှံမှုဟုဆိုလျှင်မှားမည်မဟုတ်ပေ။ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့်ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အမြတ်အစွန်းရှိသည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် အားနည်းမှုဖြစ်ပေါ်နေသည့် မိမိတို့နိုင်ငံ၏ပညာရေးကို မြင့်မားအားကောင်းလာစေရန် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဟူသောစိတ်ဓာတ်ဖြင့် ပညာရေးကဏ္ဍကို ဝိုင်းဝန်းမြှင့်တင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

❖ ပညာရေးကို မြှင့်တင်အားပေးခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးနှင့် အရေးကြီးဆုံးသောရင်းနှီးမြှုပ်နှံမှုဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့်ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အမြတ်အစွန်းရှိသည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ❖

**ကိုးကား**

(၁) www.myawady.net.mm
(၂) www.moi.gov.mm
(၃) www.moe.gov.mm
(၄) တက္ကသိုလ်ဘုန်းနိုင် – ပညာရဲ့သဘော

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ထားသည့် သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး စိန်ရတုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသည့် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲသည် အကြိမ် ၂၀ မြောက်ချီးမြှင့်ပေးသည့် ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်အစည်းအရုံးက အခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကျင်းပကာ ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲ နှစ်၂၀ မြောက်ဖြစ်တာမို့ ဂုဏ်ထူးပါတဲ့ ကလေးတွေ၊ ရိုးရိုးစာမေးပွဲအောင်ခဲ့တဲ့ ကိုယ့်လောကသားတွေရဲ့ကလေးတွေကို ဂုဏ်ပြုမှတ်တမ်းတွေရယ်၊ ဆုကြေးငွေတွေပါချီးမြှင့်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ထားသည့် သားသမီး ၁၀ ဦးကို တစ်ဦးလျှင်ရုပ်ရှင်အစည်းအရုံးက ငွေကျပ်တစ်သိန်း၊ မင်္ဂလာဦးဇော်မင်းက ငွေကျပ်တစ်သိန်း၊ ဂုဏ်ထူးရသူများအတွက် တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်း နှုန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ASH

# Mister Cosmopolitan 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမောင် သက်ဝေကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ




**ရန်ကုန် စက်တင်ဘာ ၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနေသည့် Mister Cosmopolitan 2025 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမောင် သက်ဝေကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း Mister Cosmopolitan Myanmar 2025 အလှမောင် သက်ဝေကိုထံမှ သိရသည်။

အဆိုပါ Mister Cosmopoli-tan 2025 ပြိုင်ပွဲကြီးကို စက်တင်ဘာ ၂ ရက်မှ စတင်ကာ စက်တင်ဘာ ၇ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံကိုယ်စားပြု အလှမောင် သက်ဝေကိုသည် စက်တင်ဘာ ၂ ရက်တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။

"ပထမဦးဆုံးပြိုင်ပွဲမို့ ကျွန်တော် အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ International ပြိုင်ပွဲလဲ ဖြစ်တာမို့ စိတ်ပိုလှုပ်ရှားပါတယ်။ ကျွန်တော့် အနေနဲ့ပြိုင်ပွဲအတွက် ယုံကြည်မှုကတော့ ၈၀ ရာခိုင်နှုန်း လောက်ရှိပါတယ်။ Catwalk ပိုင်းတွေ၊ Body ပိုင်းရော Speaking ပိုင်းတွေ အဓိကထား လေ့လာပြင်ဆင်ထားပါတယ်" ဟု Mister Cosmo-politan Myanmar 2025 အလှမောင် သက်ဝေကိုက ပြောပြသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် Mister Cosmo-politan 2025 ပြိုင်ပွဲကြီးတွင် အင်ဒိုနီးရှား၊ စပိန်၊ ပြင်သစ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဂျပန်၊ နိုင်ဂျီးရီးယား၊ တရုတ်၊ ကိုရီးယား၊ မလေးရှား၊ ဗီယက်နမ်၊ မြန်မာ စသည့် နိုင်ငံအသီးသီးမှ နိုင်ငံ့ကိုယ်စားပြု အလှမောင်များ ယှဉ်ပြိုင်လျက်ရှိသည်။

ASH

# အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များအား ဩဂုတ်လအတွက် ပံ့ပိုးငွေများကို ထုတ်ပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃**

အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်ပညာရှင်များအား ဩဂုတ်လအတွက် ပံ့ပိုးငွေများကို စက်တင်ဘာ၂ရက်မှ စတင်ထုတ်ပေးနေကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင်များအား လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးရုပ်ရှင် မိဘတစ်ဦးလျှင် ငွေကျပ် (တစ်သောင်း) ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးငွေများကိုလည်း ထုတ်ပေးလျက်ရှိသည်ဟု သိရသည်။

"အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင် အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွက် ပံ့ပိုးငွေတွေကို စက်တင်ဘာ ၂ ရက်ကစပြီး ထုတ်ပေးနေပြီ ဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

၎င်းပြင် လာမည့် ၂၀၂၅ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၀၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် (၄၈) ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရုပ်ကွက် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပမည်ဖြစ်ပြီး သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင် ဦးရေ ၁၈၀ ခန့်ကို ငွေသားအပြင် ဂါဝရပြုပစ္စည်းများဖြင့် ကန်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် Magellan ဇာတ်ကားကို ဖိလစ်ပိုင်တင်သွင်း

**နယူးယောက် စက်တင်ဘာ ၃**

၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆု အတွက် Magellan ဇာတ်ကားကို ဖိလစ်ပိုင်နိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Magellan ဇာတ်ကားကို ကမ္ဘာကျော် ဖိလစ်ပိုင် ဒါရိုက်တာ လက်ဗ်ဒီအက်က ရိုက်ကူးပေးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားသည် ၁၆ ရာစုခေတ် ပေါ်တူဂီ လူမျိုးခြား ဖာဒီနန်မာဂျက်လန်နှင့် ကျွန်းကုန်သည်များ၏ ဖမ်းဆီးမှုခံထားရသော ဖိလစ်ပိုင်လူမျိုးများအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် Magel-lan ဇာတ်ကားကို ၇၈ ကြိမ်မြောက် ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ခြင်းဖြစ်သည်။

၎င်းပြင် ဖိလစ်ပိုင်နိုင်ငံသည် Magellan ဇာတ်ကားကို တိုရွန်တို နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် နယူးယောက်နိုင်ငံတကာရုပ်ရှင်ပွဲတော်တို့၌လည်း ပြသရန် စီစဉ်ထားပြီး ဒါရိုက်တာ လက်ဗ်ဒီအက်သည် Magellan ဇာတ်ကားကို စပိန်၊ ပေါ်တူဂီ၊ ဖိလစ်ပိုင်နိုင်ငံတို့၌ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**



# The Fantastic Four: First Step ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရရှိ

**နယူးယောက် စက်တင်ဘာ ၃**

မာဗယ်စတူဒီယို၏ The Fan-tastic Four: First Step ဇာတ်ကားသည် ရုံတင်ပြီး တစ်လကျော်အကြာတွင် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀၅ သန်းကျော်ထိ ရရှိထားကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

မာဗယ်စတူဒီယိုသည် The Fantastic Four: First Step ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၂၄ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

The Fantastic Four: First Step ဇာတ်ကားကို ဒါရိုက်တာ မက်ရှက်မင်းက တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး ဗင်းနက်ဆာကာဘီ၊ မင်းသား ပက်ဒရိုပါစကယ်၊ ဂျိုးဆက်ကွင်းနှင့် ဂျူလီယာဂါနာတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

The Fantastic Four: First Step ဇာတ်ကားသည် နိုင်ငံတကာ ဈေးကွက်တွင် ယခုနှစ်၏ ဝင်ငွေ အကောင်းဆုံး စူပါဟီးရိုးဇာတ်ကားတစ်ကားအဖြစ် ရပ်တည်နေပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၅ သန်းထိ ရရှိထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing attends the parade to mark the 80$^{th}$ anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War


Senior General Min Aung Hlaing seen among other Heads of State attending the laucheon hosted by the PRC President.

**Nay Pyi Taw September 3**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in Beijing of the People's Republic of China at the invitation of President of the People's Republic of China H.E. Mr. Xi Jinping, attended the parade to mark the 80$^{th}$ Anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War at Tian'anmen Square in Beijing at 8 am Chinese standard time today.

Present at the parade were President of the People' Republic of China H.E. Mr. Xi Jinping, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, invited Heads of State, governments, members of the high-level Myanmar delegation and Chinese people.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State took the salute of the Guard of Honour of the People's Republic of China and took designated places. The President of PRC cordially greeted them in individuals.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State had documentary photos taken together with the President of PRC.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State led by the PRC President took positions at the Tian'anmen Rostrum.

The PRC President delivered an address at the commemorative parade and inspected the parade columns by car. The parade columns marched past the PRC President and Heads of State in a military parade procedure.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State attended the laucheon hosted by the PRC President.

The Acting President and SSPC Chairman of the Republic of the Union of Myanmar cordially held talks with Heads of State from the People's Republic of China, the Democratic People's Republic of Korea, the Republic of Korea, the Republic of Belarus, the Republic of Uzbekistan, the Islamic Republic of Pakistan, the Republic of Indonesia, the Republic of Malaysia, the Republic of Armenia among other attendees to the parade to discuss cooperation measures.

100


Senior General Min Aung Hlaing shakes hands with the President of the Democratic People's Republic of Korea.


Senior General Min Aung Hlaing shakes hands with a State leader.


Senior General Min Aung Hlaing has a chat with a State leader.

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing visits Tebian Electric Apparatus (TBEA) company in Beijing



Senior General Min Aung Hlaing holds discussion with the chairman and officials of Tebian Electric Apparatus (TBEA) company.

**Nay Pyi Taw September 3**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in the People's Republic of China to pay a working visit, accompanied by Commission Secretary Joint Executive Chief General Ye Win Oo, Commission members, union ministers, senior military officers from the Office of the Commander-in-Chief, deputy ministers and officials of the delegation, visited Tebian Electric Apparatus (TBEA) company in Beijing at 5 pm local time.

On arrival at the TBEA, the Senior General and party were warmly welcomed by the company chair and staff.

The Senior General and party were conducted round the displays on the power stations erected by TBEA, energy generation all over the world, mineral production undertakings, manufacturing and installation of electrical apparatus at the company office. They asked for more information, and joined in the discussions.

At a meeting held at the company meeting hall, the Senior General and party and the hosts cordially discussed functions of the TBEA, areas where the company can erect hydropower and solar power stations in Myanmar, generation of job opportunitiesand national economic growth through the construction of electrical apparatus manufacturing industries in Myanmar for domestic consumption and export, production of finished goods through the joint mining enterprises, and joint power generation in Myanmar.

Senior General Min Aung Hlaing signed the visitors' book of the company and exchanged gifts with the company chair. 100



Senior General Min Aung Hlaing views photos on the equipment from Tebian Electric Apparatus (TBEA) company.



Senior General Min Aung Hlaing exchanges gifts with the chairman of Tebian Electric Apparatus (TBEA) company.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## S-400 Triumf စနစ်က စွမ်းဆောင်ရည်အရှိဆုံးနှင့် ဘက်စုံသုံးလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဟု ရုရှားနိုင်ငံက ထုတ်ပြန်



ရုရှားနိုင်ငံ၏ S-400 Triumf လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် ကမ္ဘာပေါ်တွင် စွမ်းဆောင်ရည် အရှိဆုံးနှင့် ဘက်စုံသုံးနိုင်သော မြေပြင်မှ ဝေဟင်ပစ်စနစ်များထဲမှ တစ်ခုအဖြစ် အဆင့်မြှင့်တင်ထားသည့် လက်နက်စနစ်ဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်း၏ အဓိကအားသာချက်များမှာ တပ်ရင်းရှစ်ခုထိ ဖြန့်ကြက်ချထားပြီး ပစ်မှတ် ၈၀ ထိ တစ်ပြိုင်နက်တည်း ချေမှုန်းနိုင်ခြင်း၊ အကွာအဝေး ကီလိုမီတာ ၄၀၀ ထိ လေယာဉ်နှင့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်ခြင်းနှင့် အကွာအဝေး ကီလိုမီတာ ၃၀၀၀ မှ ၃၅၀၀ အတွင်း ပစ်လွှတ်တိုက်ခိုက်လာသော တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်များကို ချေမှုန်းနိုင်သည့်စွမ်းရည်တို့ ပါဝင်ကြောင်း သိရသည်။

ရုရှား၏ S-400 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်တွင် ဒုံးကျည် အမျိုးအစားလေးမျိုးကို အသုံးပြုထားသည်။ ထို့ပြင် ၃၆၀ ဒီဂရီ ခြေရာခံနိုင်သော ခေတ်မီ phased-array ရေဒါနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ လျင်မြန်စွာတိုက်ပွဲဝင်ဖြန့်ကြက်နိုင်စွမ်းရှိသည်။ အနောက်နိုင်ငံထုတ်စနစ်များ၏ အားနည်းချက်များနှင့် နှိုင်းယှဉ်ပါက S-400 လက်နက်စနစ်၏ ထူးခြားချက်များသည် အမေရိကန်နှင့် ဥရောပမှ ထိပ်တန်းလေကြောင်းရန်ကာကွယ်ရေးစနစ်များထက် စွမ်းဆောင်ရည်သာလွန်ကြောင်း အခြေခံအကြောင်းရင်းများဖြစ်လာခဲ့သည်။ အဓိကပြိုင်ဘက်များဖြစ်သည့် အမေရိကန်ထုတ် Patriot PAC-3 နှင့် ဥရောပထုတ် SAMP/TNG တို့နှင့် နှိုင်းယှဉ်ကြည့်သောအခါ S-400 သည် ထူးခြားသောကိုယ်ပိုင်နည်းဗျူဟာနှင့် နည်းပညာချဉ်းကပ်ပုံကို ဖော်ပြနေကြောင်း သိရသည်။

S-400 ၏ အဓိကအားသာချက်မှာ ပစ်မှတ်အရေအတွက် များစွာကို တန်ပြန်တိုက်ခိုက်နိုင်သည့် စွမ်းရည်ဖြစ်သည်။ S-400 လက်နက်စနစ်၊ တပ်ရင်းတစ်ခုသည် ပစ်မှတ် ၁၀ ခုကို တစ်ပြိုင်တည်းတန်ပြန်ချေမှုန်းနိုင်ပြီး အနောက်နိုင်ငံထုတ်လက်နက်စနစ်များ၏ ပစ်မှတ်ခြောက်ခုမှ ရှစ်ခုထိသာ ချေမှုန်းနိုင်စွမ်းထက် ပိုမိုသာလွန်နေသည်။ ဤစွမ်းရည်သည် ခရုဇ်ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် လှည့်စားမှုစနစ်များဖြင့် ဝင်ရောက်လာတတ်သော ပဲ့ထိန်းဒုံးကျည်များစသည်တို့ပါဝင်သည့် အစုလိုက်အပြုံလိုက်တိုက်ခိုက်မှုများတွင် အဆုံးအဖြတ်ပေးနိုင်သည့် အားသာချက်တစ်ရပ်ဖြစ်လာခဲ့သည်။ ရုရှားနိုင်ငံ၏ နည်းဗျူဟာမှာ S-400 ၏ အစုလိုက်အပြုံလိုက်လေကြောင်းခြိမ်းခြောက်မှုများကို အလွှာစုံနှင့် ပြင်ပစနစ်များအပေါ် မှီခိုမှုမရှိဘဲ ကိုယ်ပိုင်တိုက်ပွဲဝင်နိုင်ရေးအပေါ် အလေးထား ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

S-400 လက်နက်စနစ်တွင် တာတိုပစ် 9M96E ဒုံးကျည်၊ တာလတ်ပစ် 9M96E2 ဒုံးကျည်၊ အမြင့်ပျံပစ်မှတ်များတိုက်ခိုက်နိုင်သော 48N6DM ဒုံးကျည်နှင့် မဟာဗျူဟာမြောက် တာဝေးပစ် 40N6 ဒုံးကျည်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ၎င်းသည် ပစ်မှတ်အမျိုးအစားနှင့် လမ်းကြောင်းအပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရန် ချိန်ညှိလုပ်ဆောင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

S-400 တွင် ပါဝင်ဖွဲ့စည်းထားသော ရေဒါစနစ်များဖြစ်သည့် 91N6E ရေဒါနှင့် 92N6 ရေဒါတို့သည် အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ရေဒါလှိုင်းနှောင့်ယှက်မှုများပြည့်နှက်နေသည့် ပတ်ဝန်းကျင်အခြေအနေများတွင် လည်ပတ်နိုင်စွမ်းရှိပြီး၊ ထိုစနစ်များသည် ရေဒါရှောင်နိုင်သော ကိုယ်ပျောက်နှင့် အသံထက်မြန်သော ဟိုက်ပါဆောနစ်ပစ်မှတ်များကို အဝေးမှပင် ထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။

**INTELLIGENCE: Russian S-400 Air Defense Can Engage 80 Targets Simultaneously and Intercept 3,500 km Range Missiles.** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်ကြည်းတပ်က AH-64E Apache ရဟတ်ယာဉ်၏ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစွမ်းရည်ကို သရုပ်ပြသခဲ့



အမေရိကန်ကြည်းတပ်သည် AH-64E Apache ရဟတ်ယာဉ်ကို ရန်သူ့မောင်းသူမဲ့လေယာဉ်စနစ်(UAS) များ ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ချေမှုန်းတိုက်ခိုက်ခြင်းတို့ ပြုလုပ်နိုင်သည့် စွမ်းရည်ကို အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် ပြုလုပ်ခဲ့သောသရုပ်ပြပွဲတစ်ခု၌ မကြာသေးမီက ပြသခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက စက်တင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသရုပ်ပြပွဲက Apache ၏ ဘက်စုံသုံးနိုင်စွမ်းကိုသက်သေပြခဲ့သည်။ ဒုံးကျည်များအားလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာပစ်မှတ်များကို အောင်မြင်စွာဖျက်ဆီးနိုင်ခဲ့ပြီး APKWS ဒုံးကျည်များမှာမူ ဒရုန်းခြိမ်းခြောက်မှုလေးခုအနက် သုံးခုကို ချေမှုန်းနိုင်ခဲ့သည်။ 30mm ကျည်များသည်လည်း သတ်မှတ်ထားသောဒရုန်းများကို အောင်မြင်စွာဖျက်ဆီးပစ်နိုင်ခဲ့သည်။ ထိုသို့သော စွမ်းဆောင်ရည်သည် Apache ၏ လက်နက်စနစ်များသည် တိုက်ပွဲဝင်ရာ၌ သူ့နေရာနှင့်သူ အသုံးဝင်မှုစွမ်းရည်ကို မီးမောင်းထိုးပြခဲ့သည်။ ၎င်းစနစ်များသည် လျင်မြန်သောတိုက်ခိုက်နိုင်စွမ်းကို ထိန်းသိမ်းထားရင်း လက်နက်ပစ်ခတ်နိုင်သည့် အကွာအဝေး၊ တိကျမှုနှင့်အန္တရာယ်ကင်းစွာစီမံခန့်ခွဲမှုတို့ကို ဟန်ချက်ညီညီပေါင်းစပ်ပေးနိုင်ကြောင်း ပြသနိုင်ခဲ့သည်။

Apache ရဟတ်ယာဉ်၏ လက်နက်စနစ်များသည် အလွှာလိုက်နှင့် ဘက်စုံသုံး ဒရုန်းရန် တိုက်ဖျက်ရေးစွမ်းရည်ကို ပိုင်ဆိုင်ထားကြသည်။ AGM-114 Hellfire ဒုံးကျည်သည် ဝေဟင်နှင့်မြေပြင်ရှိ ပစ်မှတ်ကြီးများကို တိကျစွာတိုက်ခိုက်နိုင်စွမ်းရှိပြီး ၎င်း၏မျိုးဆက်သစ်ဖြစ်သော Joint Air-to-Ground Missile (JAGM) ဒုံးကျည်က ပိုမိုအဆင့်မြင့်သည့် အာရုံခံစနစ်များနှင့်တာဝေးမှ တိုက်ခိုက်နိုင်စွမ်းများပိုင်ဆိုင်ထားသည်။

အလယ်အလတ် အကွာအဝေးရှိ ခြိမ်းခြောက်မှုများအတွက် APKWS လမ်းညွှန်ကိရိယာ တပ်ဆင်ထားသော Hydra-70 ပဲ့ထိန်းဒုံးကျည်များသည် တိကျစွာလမ်းညွှန်နိုင်သည့်လက်နက်များ အဖြစ်သေးငယ်သည့်ဒရုန်းများကို ချေမှုန်းရန်အတွက် ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။

အနီးကပ်တိုက်ခိုက်မှုများအတွက် M230 30mm စက်အမြောက်ကို Proximity-fused တပ်ဆင်ထားသည့် ကျည်သစ်များနှင့် တွဲဖက်ဖွဲ့စည်းပေးထားသည်။ ၎င်းကျည်များသည် ရဟတ်ယာဉ်ကို ပစ်နှုန်းကောင်းမွန်စွာဖြင့် ဒရုန်းများကို တန်ပြန်ချေမှုန်းနိုင်စွမ်း ရှိစေမည်ဖြစ်သည်။ ဤအာရုံခံစနစ်များနှင့် လက်နက်များပေါင်းစပ်မှုသည် ရဟတ်ယာဉ်တစ်ခုတည်းတွင် အလွှာပေါင်းစုံကာကွယ်ရေးစနစ်တစ်ခုကို ဖန်တီးပေးထားခြင်းမျိုးဖြစ်ကြောင်း သိရသည်။

မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် နှိုင်းယှဉ်ပါက AH-64E Apache တိုက်ခိုက်ရေးရဟတ်ယာဉ်သည် ထူးခြားသောအားသာချက်များကို ပေးစွမ်းနိုင်သည်။

ဤအောင်မြင်သော စမ်းသပ်မှုက အမေရိကန်ကြည်းတပ်၏ AH-64E Apache သည် ရိုးရိုးတိုက်ခိုက်ရေးရဟတ်ယာဉ်သက်သက်မျှမဟုတ်ကြောင်း ထပ်လောင်း အတည်ပြုလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ဘက်စုံသုံးနိုင်သောနှင့် စီးပွားရေးအရတွက်ခြေကိုက်သော ဒရုန်းရန်တိုက်ဖျက်ရေး စနစ်တစ်ခုအဖြစ်သို့ ပြောင်းလဲလာနေပြီး စစ်မြေပြင်တွင် အချိန်ကြာမြင့်စွာ ကာကွယ်ပေးနိုင်သည့်အပြင် တိုက်ခိုက်မှုများကိုလည်း လျင်မြန်စွာပြုလုပ်နိုင်စွမ်းရှိသည်။ မြေပြင်စစ်ဘက်ခေါင်းဆောင်များအတွက်မူ ဤပြောင်းလဲမှုသည် တပ်ဖွဲ့ဝင်စစ်သည်များကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်စေခြင်း၊ ရန်သူ့လေပိုင်နက်ကို ဟန့်တားနိုင်ခြင်းနှင့် ဒရုန်းများက စစ်မြေပြင်ကို ပိုမိုလွှမ်းမိုးလာသည့်အခြေအနေများတွင် စစ်ရေးသာလွန်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Exclusive: U.S. Army AH-64E Apache helicopter evolves from tank killer to frontline counter-drone weapon.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၅၃၆၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၅၃၆၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၁၅၃၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ နေကြာ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ နေကြာဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမယ်။ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက်ပညာပေးသင်တန်းများ အချိန်မြင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့်ပုစွန်များ ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရေထွက်ကုန်အများစုကို ရန်ကုန်ဈေး ကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းက ပုစွန်အစုံပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ ဒေသရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်'' ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်တစ်ပိဿာဈေးနှုန်းများမှာ ပုစွန်ဘော့ချိတ် ငွေကျပ် ၂၄၀၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၈၅၀၀၊ ပုစွန်ဆိတ်ကြီး ငွေကျပ် ၂၃၅၀၀၊ ပုစွန်ပြောင်ထုပ်ကြီး ငွေကျပ် ၄၅၀၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ရှားဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားဖြူကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရှားဖြူကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**




# သာစည်မြို့နယ် သီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**သာစည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သီးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် သီးကုန်းကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၆ ဒသမ ၉ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၉ သန်း အသုံးပြု၍ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဇွန် ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် သီးကုန်းကျေးရွာရှိ အိမ်ခြေ ၇၂ အိမ်မှ လူဦးရေ ၃၇၀ တို့၏ သွားလာရေး လွယ်ကူတော့မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက ပြောပြ၍ သိရသည်။ **ချိုလေး**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

ရှေ့ဖုံးမှအဆက်

မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး သတ်မှတ်နေရာတွင် နေရာယူကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။


ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူသမ္မတနိုင်ငံ သမ္မတ ဦးဆောင်၍ စစ်ရေးပြအခမ်းအနားကြည့်ရှုမည့် Tian'anmen Rostrumရှိ စင်သို့ တက်ရောက်နေရာယူကြသည်။

ထို့နောက် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စစ်ရေးပြတပ်ဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များအား စစ်ရေးပြအစီအစဉ်အတိုင်း ချီတက်အလေးပြုကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စစ်ရေးပြအခမ်းအနား မစတင်မီအချိန်တွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားပြည်သူ့




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုင်ငံတကာမှတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်းရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံအလိုက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် အမှာစကားပြောကြားစဉ်။









ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်းရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံအလိုက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယား ဥဇဘက်ကစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အာမေးနီးယားနိုင်ငံနှင့် အခြားနိုင်ငံများမှ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံအလိုက် ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြောင်း သတင်း သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Tebian Electric Apparatus (TBEA) ကုမ္ပဏီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Tebian Electric Apparatus (TBEA) ကုမ္ပဏီဥက္ကဋ္ဌတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Tebian Electric Apparatus (TBEA)ကုမ္ပဏီ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။

☆ **ကျောဖုံးမှအဆက်**

ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် Tebian Electric Apparatus(TBEA)ကုမ္ပဏီသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် ကုမ္ပဏီဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရုံးခန်း၌ ခင်းကျင်းပြသထားသည့် TBEA ကုမ္ပဏီမှ ဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာတစ်ဝန်းစွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် ကုမ္ပဏီအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ TBEA ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများကို မြန်မာနိုင်ငံတွင် တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အခြေအနေများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်းဆောင်ရွက်၍ ကုန်ချောများ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက TBEA ကုမ္ပဏီဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး TBEA ကုမ္ပဏီဥက္ကဋ္ဌနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Tebian Electric Apparatus (TBEA) ကုမ္ပဏီအတွင်း ကြည့်ရှုလေ့လာစဉ်။

# ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီး ကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်း ဝန်များ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ် ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲ များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော က အမှာစကားပြောကြားရာတွင် ယခင် နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် "၂၅ ကြိမ် မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး"တွင် သက်ဆိုင်ရာကဏ္ဍ အသီးသီးမှ စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ သည့်အတွက် မြန်မာ့အနုပညာ သမိုင်း မှတ်တမ်းတွင် အောင်မြင်စွာ ကမ္ပည်း ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခု ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ် မည့် "၂၆ ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း ပြိုင်ပွဲ ကြီး"၏ သမိုင်းအစဉ်အလာကောင်းများနှင့် အညီ ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားများကို တင့်တယ်စွာ စီစဉ်ဆောင်ရွက် သွားကြရမည်ဖြစ် ကြောင်း၊ ကြိုတင်ပြင်ဆင် ညှိနှိုင်းမှုများ ကိုလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် မိမိတို့နိုင်ငံ၏ လူသား အရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ် နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သား ကောင်းများဖြစ်လာစေရေး ရည်မျှော်၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကို ဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့် ရှောက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုသုခုမဆိုင်ရာ ပညာရပ် များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်း စောင့်ရှောက် လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ရှိကြသည့် ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေး အနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပရာ တွင် ခမ်းခမ်းနားနားဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် အတွေ့ အကြုံရင့်ကျက်မှုရှိသည့် အကဲဖြတ် ပညာရှင်ကြီးများ အနေဖြင့်လည်း စည်း မျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်သည့်အပြင် ဘက် လိုက်မှုကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မျိုးဆက်သစ် လူငယ်များ ကို ဖော်ထုတ်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ အနေဖြင့် ပြိုင်ပွဲကြီးများ ခမ်းနားသိုက် မြိုက်စွာကျင်းပနိုင်ရေးအတွက် အနုသုခုမ ဆိုင်ရာကဏ္ဍများအပြင် လုံခြုံရေးကဏ္ဍ နှင့် ကျန်းမာရေးကဏ္ဍများကိုလည်း ပြည့်စုံစေ့စပ်စွာ ဆောင်ရွက်နိုင်ကြမည် ဟုလည်း ယုံကြည်ပါကြောင်း၊ နိုင်ငံ တစ်နိုင်ငံ၏ ရိုးရာအစဉ်အလာ ဓလေ့ထုံး တမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာပညာ အတွေ့အကြုံ ဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်တို့ကို ဖြစ်ပေါ်စေသည့် အခြေခံ အကြောင်းတရားများပင်ဖြစ် ကြောင်း။

ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်းသာမက ယဉ်ကျေးသိမ်မွေ့ ခြင်းများနှင့်ပါပြည့်စုံသည့် မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ် ခြင်းသည်လည်း မြန်မာ့အနုပညာကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီး အနက်အဓိပ္ပာယ် ပြည့်ဝလှသည့် မြန်မာ့ အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြ ရမည်ဖြစ်ကြောင်း။

၂၆ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေး မှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် အတွက် ကောင်းမွန်သည့်စီစဉ်ဆောင်ရွက် မှုများ၊ ကြိုးပမ်းအားထုတ်မှုများ နှင့် ကျင်းပဆောင်ရွက်ကြသည့်အတွက် မြန်မာနိုင်ငံသားတို့၏ အမျိုးသားယဉ် ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြ နေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်ကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် တက်ရောက် လာကြသည့် ဦးစီးကော်မတီနှင့် ဆပ်ကော် မတီများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ အနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်း အကြံပြု ဆွေးနွေးတင်ပြပေးနိုင်ကြရန် အလေးအနက်ထား ပြောကြားလိုကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်း ရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးစီး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ က ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက် ရမည့်အစီအမံများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင် ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ် ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင် ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံ ကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာ စားပွဲ ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာ ငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်း အနားများ ကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီနှင့် တည်းခိုမည့်နေရာ အုပ်ချုပ်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိ သူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ပညာရှင်များနှင့် အစည်းအဝေး သို့ တက်ရောက်လာကြသူများက ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြ ကြသည်။

ထို့နောက် ၂၆ ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ" ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များနှင့် https://bit.ly/47Md8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန် သတိပေး နှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)







# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ခြင်းများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းများကို ယနေ့တွင် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမဌလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမဌလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမဌလည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမဌလည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမဌလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမဌလည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ရှိ ရောဝတီခန်းမဌလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမဌလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမဌလည်းကောင်း အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စား ကျောင်းသား၊ ကျောင်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ၎င်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်များကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် ထူးချွန်ဆုရကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ထူးချွန်ဆုရကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နမ့်စန်မြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နမ့်လစ်ကျေးရွာအုပ်စု ပန်လင်းကျေးရွာရှိ ဒေသခံပြည်သူများကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၆၇ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအဆစ်ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပပြုလုပ်

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား အဖွင့်ပွဲစဉ်ဖြစ်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်း၊ အမျိုးသမီးအဖွင့်ပွဲစဉ်ဖြစ်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကိုပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် စက်တင်ဘာ ၁၉ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အလားတူ ထားဝယ်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို သက်ဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၃၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြို့နယ်လျှပ်စစ်မန်နေဂျာများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၃

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာများ လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)အစည်းအဝေးခန်းမ-၂၌ကျင်းပရာ ဒေါက်တာဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့်ဌာနကြီးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ဒေါက်တာဥက္ကဋ္ဌ ဦးတင်အောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။



အခမ်းအနားတွင် ဒေါက်တာဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများတွင် တာဝန်ထမ်းဆောင်နေကြသော မြို့နယ်လျှပ်စစ်မန်နေဂျာများကို ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် မြို့နယ်ရုံး၏ စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း၊ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများကို ပိုမိုသိရှိနားလည်၍ ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် မီးသုံးသူပြည်သူလူထုအား ဝန်ဆောင်မှုကောင်းပေးနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)ကို စက်တင်ဘာ ၁ ရက်မှ ၁၉ ရက်ထိ ရက်သတ္တသုံးပတ်ကြာ သင်တန်းသား ၂၄ ဦးဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။


## ထူးခြားသည့် နေ့အပူချိန်များ

၃- ၉-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဖောင်းတူ | ၃၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ပနော‌ကျေးရွာလမ်းဆုံ၌ ရောက်ရှိနေသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား Drop Bomb ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ






KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်မှုကြောင့် အရပ်သား ကျား ၉ ဦး၊ မ ၂ ဦး ပေါင်း ၁၁ ဦးတို့၌ ထိခိုက်ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၃**

အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများကို ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ ထိခိုက်စေရန် ရည်ရွယ်၍ လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာ သွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာလမ်းဆုံတွင် ရောက်ရှိနေသော ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား စက်တင်ဘာ ၂ ရက်တွင် Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည်အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့အပေါ် အကြောက်တရား လွှမ်းမိုးစေရန်အတွက် ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာကို စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် Drone အသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဗုံးသီးသည် ကျိုက်မရောမြို့မှ ကြာအင်းဆိပ်ကြီးသွား ကားလမ်းပေါ်ရှိ ကော့ပနော‌လမ်းဆုံသို့ ရောက်ရှိနေသော ယာဉ်မောင်း ဦးလှရွှေ ၅၂ နှစ် (ဘ)ကော်စမတ် မောင်းနှင်သည့် Super Custom အမျိုးအစား ယာဉ်အမှတ်၊ 9H /....... အဖြူရောင်ခရီးသည်တင် မော်တော်ယာဉ် အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများကို တာဝန်ရှိသူများက ကျိုက်မရောမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သောဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကျောက်ဆည်ခရိုင်တွင် ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို ဖမ်းဆီးရမိ



(ဝဲမှယာ) ပြစ်မှုကျူးလွန်သူ ဉာဏ်လင်း၊ လှခိုင်၊ ထက်အောင်ဇော်နှင့် ဘုန်းမြင့်မြတ်တို့ကို ဖမ်းဆီးရမိ ဘိန်းဖြူ ၈၃ ဒသမ ၁၆ ကီလို နှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူ စံဝင်းလင်း အား ဖမ်းဆီးရမိ ဘိန်းဖြူ ၃၆ ဒသမ ၉၆ ကီလိုနှင့်အတူ တွေ့ရစဉ်။




ပြစ်မှုကျူးလွန်သူ စိုးဝေလွင် ပိုင်ဆိုင်သည့် ဘိန်းဖြူများသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်များကို သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိသည့် TOYOTA LITEACE မော်တော်ယာဉ်နှင့် IZONE မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ည ၇ နာရီခွဲတွင် သတင်းအရ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အမှတ်(၃)ခရိုင်ချင်းဆက်လမ်း၌ ဉာဏ်လင်း မောင်းနှင်ပြီး လှခိုင် လိုက်ပါလာသော TOYOTA LITEACE မော်တော်ယာဉ်၊ စံဝင်းလင်း မောင်းနှင်သည့် IZONE မော်တော်ယာဉ်နှင့် ထက်အောင်ဇော် မောင်းနှင်သည့် ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ ဘိန်းဖြူအလေးချိန် ၁၂၀ ဒသမ ၁၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီခွဲတွင် ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘုန်းမြင့်မြတ်ကို ပြင်ဦးလွင်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဘိန်းဖြူများအား တာဝန်ခံ သယ်ဆောင်ခဲ့သူ စိုးဝေလွင် (ဖမ်းဆီးရန်ကျန်)နှင့် တင်မျိုးအောင် (ဖမ်းဆီးရန်ကျန်) တို့ ရှေ့ပြေးအဖြစ်ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် NISSAN AD VAN မော်တော်ယာဉ်ကို မြစ်သားမြို့နယ် အမှတ်(၃)ခရိုင်ချင်းဆက်လမ်းတွင်လည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ဘိန်းဖြူများကို မူဆယ်မှ ရွှာင်မြို့နယ်သို့ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် စိုးဝေလွင် ပိုင်ဆိုင်သော HINO PROFIA ၁၂ ဘီး မော်တော်ယာဉ်ကို ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်တွင်လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်မှ ရွှာင်မြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်သို့ မော်တော်ယာဉ်များပြောင်းလဲ၍ သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# ကဘီလူးငါး၏ သဘာဝနှင့်ကျန်းမာရေးအတွက်အသုံးဝင်ပုံ

**နှင်းအိ(ရာမညမြေ)**



ငါးကြီးငါးကောင်းများဖြစ်ကြသော ကသမြင်၊ ကသပေါင်း၊ ကက္ကူရံစသည့် ငါးမျိုးများတွင် ကဘီလူးငါးသည်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ ကဘီလူးငါးမှာ ခေါင်းသေး၍ မျက်လုံးပြူးသော ရေချိုရေငန်စပ်ငါးတစ်မျိုးဖြစ်သည်။ ကဘီလူးငါးသည် နှုတ်ခမ်းပါးလွှာပြီး အကြေးခွံပါသောငါးတစ်မျိုးလည်းဖြစ်သည်။ ရေစပ်တွင်အများဆုံးနေ၍ မြစ်ကိုဆန်တက်တတ်သော ငါးမျိုးလည်းဖြစ်သည်။ ကဘီလူးငါးမှာ ရေပေါ်တွင်ရေကူးသော ရေပေါ်ရေလွှာနေငါးမျိုးများဖြစ်ကြပြီး အကြေးခွံမှာ ငွေရောင်တောက်ပကြသည်။ ကမ္ဘာ့နေရာအနှံ့အပြားရှိ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသ ကမ်းရိုးတန်းရေပြင်တို့တွင် ကဘီလူးငါးမျိုးစိတ်များကို တွေ့ရှိရသည်။

**အရွယ်အစား**

ကဘီလူးငါး၏ ခန္ဓာကိုယ်အရွယ်အစားမှာ ပုံမှန်အားဖြင့် စင်တီမီတာ ၃၀မှ ၃၅ စင်တီမီတာရှိကြသည်။ အရှည်ဆုံးအလျားမှာ စင်တီမီတာ ၁၀၀ ခန့်ရှိပြီး အလေးချိန်အားဖြင့် ရှစ်ကီလိုဂရမ်ထိရှိကြသည်။

**တွေ့ရှိသည့်ဒေသ**

ကဘီလူးငါးမျိုးစိတ်များကို အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် အန်ဒမန်ကျွန်းစုများ၏ ကမ်းရိုးတန်းရေပြင်တို့တွင် တွေ့ရှိရသည်။ ကဘီလူးငါးသည် မြစ်ဝများနှင့် ဒီရေအတက်၊ အကျရှိသော မြစ်များတွင်လည်း နေထိုင်ကြသည်။

**နေထိုင်သည့်အလေ့အထ**

ကဘီလူးငါးများသည် အောက်ခြေ ရွှံ့ထူထပ်သောနေရာ၊ ကမ်းခြေနှင့် ဒီရေတောများတွင် နေထိုင်ကျက်စားကြသည်။ ရေငန်နှုန်းအတက်၊ အကျကိုလည်း ခံနိုင်ရည်ရှိသည်။ ကဘီလူးငါးသည် ပင်လယ်ပိုင်းတွင် မျိုးပွားသားပေါက်ကြပြီး သားပေါက်များသည် ကမ်းခြေတွင် အစားအစာရှာဖွေစားသောက်ကြီးပြင်းကြသည်။

**ပုံသဏ္ဍာန်**

ကဘီလူးငါးသည် ကိုယ်ခန္ဓာအလျားရှည်ပြီး မာကျောကျစ်လျစ်သည်။ ခေါင်းကြီးပြီး ပါးစပ်သေးငယ်သည်။ ကျောဆူးတောင် နှစ်ခုရှိသည်။ ပထမကျောဆူးတောင်တွင် ဆူးမာလေးချောင်း၊ ဒုတိယကျောဆူးတောင်တွင် ဆူးမာတစ်ချောင်းရှိသည်။ ရင်ဆူးတောင်လည်းရှိသည်။ စအိုဆူးတောင်တွင် ဆူးမာသုံးချောင်းရှိသည်။ အကြေးခွံမှာ ငွေရောင်တောက်ပသည်။

မြန်မာနိုင်ငံတွင်တွေ့ရှိရသော ကဘီလူးငါးမျိုးစိတ်၏သိပ္ပံအမည်မှာ Liza Parsia ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Gold Spot Mullet ဖြစ်သည်။ မြန်မာလိုခေါ်ဝေါ်သုံးစွဲနေကြသော ကဘီလူးမှာ မွန်ဝေါဟာရဖြစ်ပြီး မွန်ဘာသာစကားအရ 'က' ဆိုသည်မှာ 'ငါး'ဟုအဓိပ္ပာယ်ရပြီး မြန်မာဝေါဟာရ 'ဘီလူး' နှင့်ပေါင်းစပ်ကာ 'ကဘီလူးငါး' ဟုခေါ်ဆိုကြကြောင်း မွန်စာပေများတွင် ဖတ်မှတ်ခဲ့ရဖူးသည်။

**ရေပေါ်ရေလွှာနေငါး**

ကဘီလူးငါးမှာ ရေငန်နှုန်းအတက်၊ အကျကို ခံနိုင်ရည်ရှိသောငါးဖြစ်ပြီး အခြားငါးမျိုးစိတ်များကဲ့သို့ရေအောက်တွင် ကြာရှည်မနေကြဘဲ ရေပြင်ထက်သို့ခေါင်းဖော်၍ ကူးခပ်သွားလာတတ်ကြသည်။ ပင်လယ်ဒီရေတက်ချိန်၌ ဒီရေနှင့်အတူ မြစ်တွင်းသို့အုပ်သင်းဖွဲ့၍ ဝင်ရောက်လာတတ်ကြပြီး ပင်လယ်ပြင်တွင် မျိုးပွားသားပေါက်ကြသည်။ ပင်လယ်မှာ ပေါက်ဖွားကြပြီးလျှင် မြစ်တွင်းသို့ အလုံးအရင်းနှင့် ပြန်လည်ဝင်ရောက်လာကြသည်။

**အစာစားသည့်အလေ့အထ**

ကဘီလူးငါးများမှာ အစုံစား သတ္တဝါများဖြစ်ကြပြီး မျောလေ့၊ ရေညှိရေမှော်၊ အခွံမာရေသတ္တဝါငယ်၊ ခြင်သားလောင်း စသည်တို့ကို ၎င်းတို့၏အစာအဖြစ် စားလေ့ရှိကြသည်။

**ကဘီလူးငါးစားဖွယ်စုံ**

ကဘီလူးငါးမှာ အသားနူးညံ့ပြီး ဆူဖြိုးသောငါးဖြစ်သဖြင့် အရသာထူးခြားကောင်းမွန်လှသည်။ ဒေသခံများမှာ ကဘီလူးငါးကို အိုးကပ်ချက်စားခြင်း၊ ဆီပြန်ချက်ခြင်း၊ ကြော်ခြင်း၊ ခရမ်းချဉ်သီးသို့မဟုတ် မုန်လာဥဖြူဖြင့် ဆီကျန်ရေကျန်အစပ်ဟင်းချက်ခြင်းအပြင် ကဘီလူးငါးကို အခြောက်လှန်း၍ ကဘီလူးခြောက်လည်း ပြုလုပ်စားသုံးကြသည်။ ထို့ပြင် ကဘီလူးဆားနယ်လည်း ပြုလုပ်စားကြသည်။

**ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

ကဘီလူးငါးအပါအဝင် ငါးတော်တော်များများတွင် လူ့ခန္ဓာကိုယ်အတွက် အလွန်အကျိုးပြုသော အာဟာရဓာတ်များစွာ ပါဝင်နေပြီး လူတိုင်းလူတိုင်း မဖြစ်မနေ စားသုံးသင့်သည်။ ထို့ကြောင့် ကဘီလူးငါးအပါအဝင် ငါးမျိုးစုံကိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

**စိတ်ကျရောဂါကို ကာကွယ်ပေးခြင်း**

ကဘီလူးငါးအပါအဝင် ငါးများကို ပုံမှန်စားသုံးသူများသည် သာမန်လူများထက် စိတ်ကျရောဂါဖြစ်နိုင်ခြေနည်းပါးသည်ဟု လေ့လာတွေ့ရှိချက်များအရ သိရသည်။ ကဘီလူးငါးအပါအဝင် ငါးများတွင် အဓိကပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် စိတ်ဓာတ်ကျခြင်း၊ စိတ်မပျော်ရွှင်ဖြစ်ခြင်း စသည့် ရောဂါလက္ခဏာများကို အထိရောက်ဆုံးကာကွယ်ပေးသည်။ လုပ်ငန်းခွင်တွင် စိတ်ဖိစီးမှုများသော ဝန်ထမ်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် တစ်ပတ်လျှင် အနည်းဆုံးနှစ်ရက်ခန့် ကဘီလူးငါးအပါအဝင် ငါးဟင်းတစ်ခွက် မပါမဖြစ်စားသုံးပေးသင့်သည်။

**နှလုံးကျန်းမာရေး ကောင်းမွန်စေခြင်း**

ကဘီလူးငါးအပါအဝင် ငါးများတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဓာတ်တစ်မျိုးဖြစ်ပြီး နှလုံးကျန်းမာရေးကိုလည်း အထောက်အပံ့ကောင်းများ ပေးစွမ်းသလို သွေးလည်ပတ်မှုကိုလည်း ကောင်းစေသည်။ ငါးလုံးဝ မစားသောသူများသည် ငါးပုံမှန်စားသုံးသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေပိုများသည်။ ကဘီလူးငါးအပါအဝင် ငါးများတွင်ပါသော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးကာ နှလုံးကျန်းမာရေးကို ထူးခြားကောင်းမွန်စေသည့်အတွက် လူတိုင်းစားသုံးပေးသင့်သော အစားအစာတစ်မျိုးဖြစ်သည်။

**မျက်စိအားကောင်းစေခြင်း**

မျက်စိမှုန်ခြင်း၊ မျက်စိအားနည်းခြင်း စသည်ဖြင့် အမြင်အာရုံအားနည်းနေသူများအနေဖြင့် အိုမီဂါ-၃ ဖက်တီးအက်စစ်ဓာတ် လုံလုံလောက်လောက် စားသုံးပေးရန်လိုသည်။ ကဘီလူးငါးအပါအဝင် ငါးများတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် အမြင်အာရုံထူးခြားကောင်းမွန်စေရုံသာမက အဓိကအားဖြင့် သက်ကြီးပိုင်းတွင်အဖြစ်များသော Macular Degeneration ဟုခေါ်သည့် စက္ခုအလင်းဆုံးရှုံးခြင်းပြဿနာကိုလည်း ကာကွယ်ပေးသည်။ မျက်စိအားနည်း၍ မျက်မှန်တပ်နေရသူများနှင့် သက်ကြီးပိုင်းများသည် မဖြစ်မနေငါးစားသုံးရန် လိုအပ်သည်။

**ကောင်းစွာအိပ်စက်စေခြင်း**

နည်းပညာအသစ်အဆန်းများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူများ၏အိပ်စက်ချိန်သည်လည်း လျော့နည်းလာသည်။ အိပ်စက်ခြင်းနှင့် ခန္ဓာကိုယ်ကျန်းမာရေးသည် ဆက်စပ်မှုရှိနေသောကြောင့် နေ့စဉ်ပုံမှန် ပြည့်ပြည့်ဝဝအိပ်စက်မှသာ လန်းဆန်းတက်ကြွနေမည်ဖြစ်သည်။ ကဘီလူးငါးတွင် ပါဝင်သောအိုမီဂါ-၃ ဖက်တီးအက်စစ်သည် ညဘက်အိပ်စက်မှုကို ကောင်းစွာအထောက်အကူဖြစ်စေပြီး ကာလရှည်ကောင်းစွာအိပ်မပျော်ခြင်းဝေဒနာများကိုလည်း ပျောက်ကင်းစေသည်။ ထို့ကြောင့် ညဘက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ချင်သူများအနေဖြင့် ကဘီလူးငါးအပါအဝင် အခြားငါးများကို တတ်နိုင်သလောက် စားသုံးပေးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ရေပေါ်ရေလွှာနေ ကဘီလူးငါးသည် သဘာဝအတိုင်း ချိုသောအရသာရှိပြီး ကောင်းမွန်လှသဖြင့် လူကြိုက်များသောငါးတစ်မျိုးဖြစ်သည်။ ထို့ပြင် ကျန်းမာရေးအကျိုးကျေးဇူးလည်းများပြားလှသဖြင့် စားပေးသင့်သောငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ပါသည်။

❖ ကဘီလူးငါးအပါအဝင် ငါးများကို ပုံမှန်စားသုံးသူများသည် သာမန်လူများထက် စိတ်ကျရောဂါဖြစ်နိုင်ခြေနည်းပါးသည်ဟု လေ့လာတွေ့ရှိချက်များအရသိရသည်။ ကဘီလူးငါးအပါအဝင် ငါးများတွင် အဓိကပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် စိတ်ဓာတ်ကျခြင်း၊ စိတ်မပျော်ရွှင်ဖြစ်ခြင်း စသည့်ရောဂါလက္ခဏာများကို အထိရောက်ဆုံးကာကွယ်ပေးသည်။ လုပ်ငန်းခွင်တွင် စိတ်ဖိစီးမှုများသောဝန်ထမ်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် တစ်ပတ်လျှင် အနည်းဆုံးနှစ်ရက်ခန့် ကဘီလူးငါးအပါအဝင် ငါးဟင်းတစ်ခွက် မပါမဖြစ်စားသုံးပေးသင့်သည်။ ❖

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၃)
- Fish Base of Myanmar
- Inland Fisheries of Myanmar

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန




(၁)

"မရတော့ဘူးဗျာ"

ဆရာဝန်ကြီး၏စကားအဆုံးမှာ အမေ့ထံက အင့်ခနဲ့ရှိုက်သံကို သူကြားလိုက်ရသည်။ ဇနီးဖြစ်သူကလည်း ချုံးပွဲချငိုနေလေပြီ။ ညီအစ်ကိုမောင်နှမများကလည်း မျက်ရည်ကိုယ်စီကျနေကြသည်။

သူ့ခန္ဓာကိုယ်က နေရခက်လှသည်။ လှုပ်ရှားရသည်မှာ သက်သောင့်သက်သာလည်းမရှိသဖြင့် လူနာခုတင်ထက်တွင် ငြိမ်သက်စွာလှဲနေရသည်။ ဆရာဝန်ကြီးနှင့် မိသားစု၏အပြန်အလှန်ပြောစကားများကို သူ့နားထဲတွင် မကြားတစ်ချက်ကြားတစ်ချက်နှင့် တစ်ကိုယ်လုံးပူပြီး အသိစိတ်ကင်းမဲ့လာသည်။ မျက်လုံးများကို အားယူဖွင့်ကြည့်သော်လည်း မျက်ခွံက ရုန်းကြွလာခြင်းမရှိပေ။ တဖြည်းဖြည်းနှင့်မွန်းကျပ်လာသလို ခံစားလာရသည်။ နောက်ဆုံးတွင် သူ့ကို အမှောင်ထုအတွင်းသို့ တစ်စုံတစ်ယောက်က ဆွဲခေါ်သွားလေသည်။

(၂)

ညမှောင်မှောင်တွင် စမ်းတဝါးဝါးဖြင့် သူ လမ်းလျှောက်နေမိသည်။ တိမ်မည်းညိုက တလိမ့်လိမ့်။ လေတိုက်သံက ပြင်းလှသည်။ သစ်ကိုင်းချင်းပွတ်တိုက်သံများက စည်းဝါးညီစွာမြည်နေကြလျက်။ တိမ်မည်းညိုဖုံးစားလိုက်သဖြင့် လရောင်လည်းမရှိ။ ညက မှောင်နေသည်။ လမ်းမထက်တွင် လူသွားလူလာပြတ်လျက်ရှိသည်။

"ဝုတ် ဝုတ် အူး အူး"

ခွေးအူသံများက စူးဝါးစွာထွက်ပေါ်လာသည်။ လမ်းမတစ်ဖက်ရှိ အိမ်ကိုကြည့်လိုက်သောအခါ မှိတ်တုတ်မှိတ်တုတ်မီးကလေးက ယိမ်းထိုး၍ကနေသည်။

"ဦးမျိုးမင်းတို့မိသားစု အိပ်တော့မယ်ထင်တယ်"

သူတီးတိုးပြောဆိုလိုက်မိသည်။

"အိပ်ကြမှာပေါ့။ တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ထားကြတာပဲ"

ထပ်မံစကားဆိုလိုက်ချိန်တွင် လှမ်းမြင်ရသော မီးရောင်လေးမှာ အသက်မဲ့သွားလေသည်။

ထို့နောက် အလင်းရောင်မှိန်မှိန်ကလေးသာရှိနေသည့် အိမ်တစ်လုံးထဲသို့ သူ လျှောက်လာခဲ့မိသည်။ တဟူးဟူးတိုက်ခတ်နေသော လေတိုက်သံနှင့်အတူ နံရံပေါ်တွင် ကခုန်နေသောအရိပ်များကြောင့် ရုတ်တရက်ဆွံ့အ သွားမိသည်။

ရုတ်တရက် ကြောက်ရွံ့စိတ်များ စိုးမိုးလာသည်။ ကြောက်ရွံ့စိတ်ကိုဖယ်ထုတ်ရန် အားယူလိုက်မိသည်။ ထိုစဉ် အရိပ်မည်းကြီးက လှုပ်ရှားလာပြန်သည်။ တစ်ဖန်ငြိမ်သက်သွားပြန်၏။

မျက်စိထဲတွင် အရိပ်မည်းကြီးကို စုန်းမကြီးလားဟု ထင်လိုက်မိ၏။ ဘီလူးကြီးဖြစ်နိုင်သည်ဟုလည်း တွေးလိုက်မိပြန်သည်။

အရိပ်မည်းကြီးဘေးနားတွင် ပိန်သေးသေး အရိပ်တစ်ခု ထပ်မံပေါ်လာပြန်သည်။ အရိပ်နှစ်ခုက တစ်ခုနှင့်တစ်ခု တွန်းလိုက်၊ ချိတ်လိုက်၊ မျက်နှာချင်းဆိုင်လိုက်ရှိနေကြသည်။ တစ်ခါတစ်ရံ အချင်းချင်း တွန်းကန်နေကြပြန်သည်။

တဖြည်းဖြည်းနှင့် နီးကပ်လာသည့်အရိပ်များကို ကြည့်လိုက်မိသောအခါ လူတစ်ကိုယ်လုံးက တုန်ရီလာသည်။ နှလုံးခုန်သံလည်းမြန်လာသည်။ အသက်ရှူသံက ပြင်းလာသည်။ ရုတ်တရက် လမ်းလျှောက်နေရာမှ သူရပ်လိုက်သည်။ ခါးတွင်ချိတ်ထားသည့် ဖုန်းကို ညာလက်ဖြင့်စမ်း၍ ယူလိုက်သည်။ ဖုန်းမီးကိုဖွင့်လိုက်သော်လည်း အလင်းရောင်က ပေါ်မလာ။ ဖုန်းကို သေချာငုံ့ကြည့်လိုက်သည့်အခါ ဖုန်းပါဝါက ကျသွားလေသည်။

သူ့ရင်ဘက်တစ်ခုလုံးက နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ မောဟိုက်လာသည်။ ချွေးစက်များမှာရေပက်ခံထားရသည်နှင့်တူသည်။

"သူကဘာလဲ။ ငါ့ဆီကို ဘာဖြစ်လို့ရွေ့လျားလာတာလဲ"

ရွေ့လျားလာသည့်အရာကိုကြည့်ကာ သူပြန်မေးလိုက်သည်။ အဖြေက ပေါ်မလာပေ။ တဖြည်းဖြည်း နီးကပ်လာသောကြောင့် ပြေးရန်ဟန်ပြင်လိုက်သည်။

"ဟေ့ကောင် အခုရပ်လိုက်"

ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် သူ့ခြေအစုံက သံမှိုစွဲထားသကဲ့သို့ ခိုင်မြဲစွာရပ်နေမိသည်။ အသံပိုင်ရှင်ကို သိလည်းမသိ။ မြင်လည်း မမြင်ဖူးပေ။ ပိန်ပိန်ရှည်ရှည်နှင့် အသားကလည်း မည်းမှောင်နေသည်။

"မင်းနာမည် မောင်ကြည်လင်လား"

"ဟုတ်ကဲ့ မောင်ကြည်လင်ပါ"

"သေချာတယ်နော်"

"သေချာပါတယ်"

"ဒါဆို ငါနဲ့လိုက်ခဲ့"

ညို့ဓာတ်ပါနေသည့်အသံကြောင့် သူငြင်းဆန်ရန် ခက်ခဲနေသည်။ သို့နှင့် အသံပိုင်ရှင်ခေါ်ဆောင်ရာသို့ သူအသာတကြည်ပင် လိုက်သွားခဲ့သည်။

မကြာမီ ဗိုက်ပူပူ၊ အသားနီကြောင်ကြောင်နှင့် လူကြီးတစ်ဦးထိုင်နေသည့်နေရာသို့ ရောက်လာခဲ့သည်။

"မင်းက မောင်ကြည်လင်နော်။ ၄က်ပျောတော ရွာကလား"

"မဟုတ်ပါဘူး။ ကျွန်တော်က ကြိုးကြာကွင်း ရွာကပါ"

"ဟာ လူမှားပြီထင်တယ်"

ဗိုက်ပူပူနှင့်လူကြီး၏စကားကြောင့် ပိန်ပိန်ရှည်ရှည်နှင့်လူကြီးက ရုတ်တရက်ဒူးထောက်လိုက်သည်။

"ခွင့်လွှတ်ပါ။ နာမည်တူမို့ မှားခေါ်လိုက်မိတာပါ"

"အခုချက်ချင်းသွားပြန်ပို့။ အချိန်မရှိတော့ဘူး။ မင်းက ဝဋ်ကြွေးတစ်ခုဆပ်ဖို့လိုသေးတယ်။ အခု အိမ်ပြန်လိုက်အုံး "

ဗိုက်ပူကြီး၏စကားကိုစဉ်းစားဖို့အချိန်မရ။ လူပိန်ကြီးက သူ့လက်ကို ရုတ်တရက်ဆွဲခေါ်သွားလေသည်။

"မြန်မြန်ရှာ မြန်မြန်ရှာ အချိန်မရှိတော့ဘူး"

"မတွေ့သေးဘူး"

"မတွေ့ဘူးဆိုရင် တွေ့တဲ့ခန္ဓာကိုယ်ကို ဝင်လိုက်၊ မြန်မြန်ဝင်လိုက်။ သွားတော့"

"အား ဝင်လို့မဖြစ်"

"ဒါဆို မြန်မြန်ရှာ"

"ဟိုမှာ တွေ့ပြီ"

"အား အင့်"

တွန်းလိုက်သည့်အရှိန်ကြောင့် သူနှင့်မျက်နှာချင်းဆိုင်ရှိ ခန္ဓာကိုယ်တစ်ခုဆီသို့ တိုးဝင်လိုက်ရသည်။

(၃)

အိပ်ရာကနိုးလို့ သူသတိရလာချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံးက နာကျင်နေသည်။

"သတိရလာပြီ၊ သတိရလာပြီ"

"အမယ်လေး သားလေး၊ သားလေး"

ဇနီးဖြစ်သူက အားရဝမ်းသာ စကားဆိုနေသည်။ ပတ်ဝန်းကျင်ကို ကျွန်တော်ဝေ့ဝိုက်ကြည့်လိုက်သည်။

"အမေ့၊ အမေ"

"သား သား အမေရှိတယ်လေ"

အမေ့အသံကြောင့် ကျွန်တော့်စိတ် အနည်းငယ်လန်းဆန်းသွားသလို ခံစားလိုက်ရသည်။

"လူနာကို အေးအေးဆေးဆေး အနားယူပါစေ။ အရေးအကြောင်းရှိရင် ရုံးခန်းကို လာခေါ်ပါ။ ဆေးတစ်လုံးထိုးပေးခဲ့တယ်"

ဆရာဝန်ကြီးထွက်သွားပြီးခဏအကြာတွင် ဆေးအရှိန်ကြောင့် မျက်ခွံများလေးလံလာပြီး နှစ်ခြိုက်စွာ ကျွန်တော်အိပ်ပျော်သွားခဲ့လေသည်။

(၄)

နံနက်စောစော အိပ်ရာနိုးလာချိန်တွင် အမေနှင့် ဇနီးဖြစ်သူက သူ့ဘေးနားတွင် အိပ်နေကြသည်။

"ဟင် သား နိုးလာပြီလား၊ ဘာလိုချင်လဲ"

ရုတ်တရက်ဝင်လာသော အဖေက သူ့ကို မေးနေသည်။

"သား အပေါ့သွားချင်တယ်"

"အဖေ သားပုဆိုးထဲ လက်ကိုင်ဆီးအိုးထည့်ပေးမယ်လေ"

"သား ထိုင်ပြီးသွားချင်တယ်"

"အမေတို့ ဝိုင်းကူပေးမယ်နော်သား"

အမေနှင့်ဇနီးက ကျွန်တော့်အနားကပ်ကာ ဆေးချိတ်ထားသည့်လက်ကို ကိုင်ပေးသည်။

**❖ အမေ့အသံကြောင့် သူအသိစိတ်ဝင်လာသည်။ အမေ့ဘေးနားတွင် ဇနီးဖြစ်သူက ငိုရှိုက်နေသည်။ သူမည်သို့မျှမတတ်နိုင်တော့ပေ။ ပြန်ပြုပြင်၍မရတော့သည့်အရိပ်က သူ့ထံကပ်ပါလာခဲ့သည်။ သူ မိုက်မဲ ခဲ့သည်။ ငွေမျက်နှာတစ်ခုကိုကြည့်ကာ မိသားစုအတွက် တာဝန်ကျေပွန်ပေးခဲ့သည်။ ပတ်ဝန်းကျင်က မေးငေါ့သည်ကိုလည်းဂရုမစိုက်ခဲ့။ အပြစ်တင်ခဲ့သည်ကိုလည်း ရန်မမူခဲ့။ "ဘယ်သူမပြုမိမိမှု"ဟူသော စကားကို သူ မယုံကြည်ခဲ့ပါ။ ယခုအခါ သူပြုသည့်ကံက သူ့ထံပြန်လာခဲ့လေပြီ။ သူပြုလုပ်ခဲ့သည့်အမှုသည် အရိပ်ပမာ သူ့နောက်သို့ လိုက်လာခဲ့လေသည်။ ❖**

သူ ဆေးရုံသို့ပြန်ရောက်လာသည့်အချိန်တွင် ညဥ့်နက်နေပြီဖြစ်သည်။ ပတ်ဝန်းကျင်က တိတ်ဆိတ်နေသည်။ ဆွဲဆွဲငင်ငင်အူလိုက်သည့် ခွေးအူသံများက ချောက်ချားစရာဖြစ်နေသည်။

ခုတင်များပေါ်တွင် အဝတ်အဖြူဖြင့်ဖုံးထားသည့် သက်မဲ့ခန္ဓာများက တန်းစီနေသည်။ သူက ခန္ဓာကိုယ်တစ်ခုချင်းစီကို လိုက်လံရှာဖွေနေရသည်မှာ ပင်ပန်းနေပြီဖြစ်သောကြောင့် နဖူးကချွေးစက်များကို လက်ဖြင့် သပ်ချလိုက်သည်။

"အမေတို့ အပြင်ထွက်ပါ"

ဇနီးက ပြုံးနေသဖြင့် ကျွန်တော်ရှက်နေရပြန်သည်။

"လင်မယားပဲ အစ်ကိုရယ် ရှက်နေပြန်ပြီ"

"ဟာ သွားပါ ခင်ရီရယ်၊ အမေ့ပါခေါ်သွား"

အမေနှင့်ဇနီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အပြင်ထွက်သွားကြ၏။ သို့နှင့် အဖေက ဆီးခွက်ကို ကျွန်တော့်ပုဆိုးအောက်သို့ ထိုးပေးသည်။

စာမျက်နှာ ၂၅ သို့ á

# ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၅၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်

**ဟုမ္မလင်း စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၂၀၅၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဟုမ္မလင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ် အလိုက်စိုက်ပျိုးရန် လျာထားမှု အနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၂၀၂၂ ဧက၊ မိုပိုင်းလွတ်မြို့တွင် ဧက ၃၀ စုစုပေါင်း ၂၀၅၂ ဧကတို့ ဖြစ်ကြောင်း၊ အဆိုပါမြေပဲစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ မြေပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဟုမ္မလင်းခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန် ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လ အတွင်း ငါးသလဲထိုး ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာ ဒီဘက်ကနေ ငါးသလဲထိုးတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးသလဲထိုး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိက တင်ပို့ရောင်းချနေတာပါ။ ဒေသထွက် ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိလ ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းနေပါတယ်။ ကုန်ချိန် အများအပြား တင်ပို့ရတော့ လုပ်သားတွေအပါအဝင် ငါး အရောင်းအဝယ် လုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

အဆိုပါ ငါးသလဲထိုးများ တင်ပို့အား ကောင်းလာသည့်အတွက် ငါးမွေးမြူသူများ၊ ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

စာမျက်နှာ ၂၄ မှအဆက်

ထိုအချိန်တွင် ကျွန်တော့်လက်တစ်ဖက်က ခန္ဓာကိုယ်အောက်ခြေပိုင်းကို လှမ်းကိုင်မိလိုက်သည်။

"ဟာ ကျွန်တော့်ခြေထောက်"

သူ အလန့်တကြားထအော်မိလိုက်သည်။ ဘေးပတ်ဝန်းကျင်ရှိ လူနာခုတင်များဆီက အကြည့်များက သူ့ထံရောက်လာကြသည်။

"သား"

အမေဖြစ်သူ၏အသံက ဝမ်းနည်းမှုကို ဖော်ပြနေသည်။ ကရုဏာသက်မှုကိုလည်း ထင်ဟပ်နေသည်။ မျက်ဝန်းများက စိုစွတ်နေပြန်သည်။

"ကျွန်တော်ဘာဖြစ်တာလဲ အမေ"

သူ့အသံက ကျယ်လွန်းနေသည်။

"သတိထားပါ သားရယ်။ ဆိုင်ကယ်မှောက်လို့ သားရဲ့ ခြေထောက်နှစ်ဖက်စလုံး ဖြတ်လိုက်ရတယ်"

အမေက မျက်ရည်စက်များကိုသုတ်၍ ရှင်းပြသည်။ အဖေဖြစ်သူ စကားကြောင့် သူငြိမ်သက်သွားမိသည်။

အဖေ၊ အမေ၊ ဇနီးနှင့် ညီအစ်ကိုဆွေမျိုးများက အမျိုးမျိုးနှစ်သိမ့် အားပေးကြသည်။

"ဗျာ၊ မဖြစ်ရဘူး၊ ဒီလိုမဖြစ်ရဘူး"

အံ့ဩစွာဖြင့် သူရေရွတ်မိစဉ်တွင် လူပိန်ကြီးက သူ့ဘေးက ပျောက်ကွယ်သွားလေသည်။

"နေအုံး နေအုံး"

"သား သား။ သတိထားပါသားရယ်။ အဖေတို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမှာပါ"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ"

အမေ့အသံကြောင့် သူ အသိစိတ်ဝင်လာသည်။ အမေ့ဘေးနားတွင် ဇနီးဖြစ်သူက ငိုရှိုက်နေသည်။

သူမည်သို့မျှမတတ်နိုင်တော့ပေ။ ပြန်ပြုပြင်၍မရတော့သည့်အရိပ်က သူ့ထံကပ်ပါလာခဲ့သည်။ သူမိုက်မဲခဲ့သည်။ ငွေမျက်နှာတစ်ခုကို ကြည့်ကာ မိသားစုအတွက် တာဝန်ကျေပွန်ပေးခဲ့သည်။ ပတ်ဝန်းကျင်က မေးငေါ့သည်ကိုလည်း ဂရုမစိုက်ခဲ့။ အပြစ်တင်ခဲ့သည်ကိုလည်း ရန်မမူခဲ့။ "ဘယ်သူမပြုမိမိမှု"ဟူသောစကားကို သူမယုံကြည်ခဲ့ပါ။ ယခုအခါ သူပြုသည့်ကံက သူ့ထံပြန်လာခဲ့လေပြီ။ သူပြုလုပ်ခဲ့သည့် အမှုသည် အရိပ်ပမာ သူ့နောက်သို့ လိုက်လာခဲ့လေသည်။

မိသားစုအတွက် ဝက်သတ်သမားအဖြစ် သူလုပ်ကိုင်ခဲ့သည်။ နာရေးအတွက်လည်း သူပါဝင်ခဲ့သည်။ သာရေးတွင်လည်း သူနှင့်မကင်းကြ။ ဝင်ငွေကလည်းရှင်၊ ဟင်းစားလည်းမပြတ်သောကြောင့် ထိုအလုပ်တွင် သူမွေ့ပျော်ခဲ့သည်။ မိမိပြုသမျှသည် မိမိနောက်တွင် အရိပ်သဖွယ်လိုက်ပါ တတ်ကြောင်း နားလည်မှု နောက်ကျခဲ့လေပြီ။ "ဝဋ်ကြွေးတစ်ခု မင်းဆပ်ဖို့ လိုသေးတယ်၊ အခုအိမ်ပြန်လိုက်အုံး"ဟူသော အိပ်မက်ထဲက ဗိုက်ပူကြီး၏စကားကိုသူနားလည်ခဲ့လေသည်။ ခြေထောက်အောက်ပိုင်းကို မျက်တောင်မခတ်ဘဲ အကြာကြီးသူစိုက်ကြည့်နေမိတော့သည်။

## တန်ဖိုးရှိပါစေ

- ချစ်မိတ်ဆွေ အပေါင်းဖော်များ
မေတ္တာတရား လက်ကိုင်ပါ၊
အလုပ်ကိုင် အခွင့်အလမ်း
ပွင့်လန်းဝေဆာ၊
စီးပွားရေး တိုးတက်ကာ
စိတ်ချမ်းသာ ကိုယ်ချမ်းမြေ့၊
သုခတွေ ထာဝရ
ပြည့်ဝလို့တွေ့။

- ကုသိုလ်ရှာ အစဉ်မမေ့နဲ့
ဘာသာဝလေ့ ကြည်ညိုလေ၊
နိုင်ရာဝန် တာဝန်ထမ်း
ပြုံးပန်းတွေဝေ၊
လူ့တန်ဖိုး မြင့်ပါစေ
မင်္ဂလာတွေ ကျက်သရေတိုး၊
ကြိုးစားပါ အများအတွက်
ထမ်းရွက်သယ်ပိုး။

- သင်နေထိုင် တိုင်းပြည်အကျိုး
သယ်ရွက်ပိုး အောင်မြင်ကြ၊
နိုင်ငံတော် ဝန်ထမ်းစိတ်
ထိပ်တန်းထားရန်၊
သန့်ရှင်းသော လမ်းအမှန်
မင်္ဂလာသဏ္ဍာန် ရှိစေရေး၊
အပြုံးဝေ စိတ်စွမ်းအားနဲ့
နှိုးကြားကွဲ့လေး။ ။

**မောင်စစ်သွေး**

# ဘားအံမြို့နယ် နို့နော်ဝါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နို့နော်ဝါးကျေးရွာ၌ ပဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလို ကြောင်း ဆွေးနွေးမှာကြားပြီး ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၇၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ နို့နော်ဝါးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၇၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# သတိပြုရှောင်ရှား အဂတိတရားလေးပါး

ဘုန်းသန့်စင်

**❖ လူတို့၏စိတ်အစဉ်ကို ညစ်ညူးစေပြီး ပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်မှုများကို အမှားမှားအယွင်းယွင်းဖြစ်စေသည့် အကြောင်းတရားများစွာရှိသည်။ ထိုအကြောင်းတရားများအနက် လူတို့၏ ဆုံးဖြတ်ချက်၊ လုပ်ကိုင်ဆောင်ရွက်ချက်များကို ကမောက်ကမဖြစ်စေပြီး ဘဝပျက်စေသည်ထိဖြစ်တတ်သော အဓိကအကြောင်းတရားလေးပါးရှိသည်။ ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ရွံ့ခြင်း၊ အမှားအမှန်မသိ တွေဝေမိခြင်းဆိုသည့်အရာတို့သည် လူသားဘဝ မကင်းနိုင်ကြသည့်အရာများဖြစ်သော်လည်း ထိုအရာများကို အသိစိတ်ဖြင့် ထိန်းချုပ်နိုင်ရန်လိုသည်။ ❖**

**အဂတိလိုက်စားခြင်းအစ**

အဂတိဆိုသည်မှာ ဘက်လိုက်ခြင်းဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ဘက်လိုက်ခြင်းဆိုသည်မှာ တစ်ဖက်ဖက်ကို ဆန္ဒစွဲဖြင့် အလေးပေးခြင်းဖြစ်သဖြင့် အဂတိလိုက်စားခြင်းဆိုသည်မှာ မိမိဆန္ဒကြောင့် ဖြစ်ပေါ်လာသည့် မှားယွင်းသောဆုံးဖြတ်ချက်ဟုဆိုနိုင်သည်။ လူတိုင်းသည် တရားမျှတမှုကို လိုလားတောင့်တကြသဖြင့် အခြားတစ်ဖက်သို့ဘက်လိုက်ဆုံးဖြတ်ခြင်းကို နှစ်သက်ကြ မည်မဟုတ်ပေ။ မိမိ၏ ကိုယ်ကျိုးစီးပွား ဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်စေသည့်အရာများကို လူသားတိုင်းက လူမှုပတ်ဝန်းကျင်တွင် မတွေ့မမြင်လိုကြသဖြင့် အဂတိလိုက်စားမှုဆိုသည့်အရာသည် လူသားတိုင်းက ရွံရှာမုန်းတီးသည့် အရာတစ်ခုပင် ဖြစ်ပေသည်။

ဆုံးဖြတ်ချက်တစ်ခုချမှတ်ခွင့် ရလိုက်သည့် အခိုက်အတန့်တွင် သမာသမတ်ကျစွာ တွေးတောဆင်ခြင်၍ မှန်ကန်တည့်မတ်သည့် ဆုံးဖြတ်ချက်ကို ချရမည်ဖြစ်သည်။ ထိုအချိန်တွင် စိတ်ခံစားချက်အရ ဖြစ်ပေါ်သည့် ချစ်ခြင်း၊ မုန်းခြင်းတို့ ဝင်ရောက်လာမှုကို ဦးနှောက်က တားမြစ်ထားရန်လိုသည်။ ရင်တွင်းခံစားချက်များကို တွန်းလှန်တိုက်ဖျက်နိုင်သည့် စိတ်ဓာတ်အခံမရှိသည့်အခါ ဖြစ်ရပ်မှန်များကို မေ့လျော့သွားပြီး မိမိစိတ်အလိုကျ ဘက်လိုက်ဆုံးဖြတ်ဆောင်ရွက်မိကြသည်။ သမာသမတ်ကျစွာဖြင့် ဆုံးဖြတ်ဆောင်ရွက်လေ့ရှိသူများ ဖြစ်လင့်ကစား လောဘတရားတို့ကို ထိန်းချုပ်နိုင်ရန်ကလည်း အရေးကြီးပြန်သည်။ လောဘတရားကို ထိန်းချုပ်သွားနိုင်ခြင်းမရှိသည့်အခါ မိမိ၏ ဆုံးဖြတ်ချက်များကလည်း ယိုင်နဲ့သွားတတ်သည်။ ဥစ္စာပစ္စည်း၊ ငွေကြေး၊ အခွင့်အရေးစသည့် တံစိုးလက်ဆောင်များဖြင့် မြူဆွယ်ဖြားယောင်းခြင်း ခံရသူများသည်လည်း မှန်ကန်တည့်မတ်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်မဖြစ်နိုင်ပေ။ တံစိုးလက်ဆောင်ပေးသူ အလိုကျ ဘက်လိုက်ဆုံးဖြတ်မိတတ်ကြသဖြင့် အဂတိလိုက်စားမှုဆိုသောအရာသည်ကလည်း ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ မိမိ၏စိတ်အခံသည် အမှန်တရားအတွက်သာ ရပ်တည်တတ်ပြီး လောဘကင်းရှင်းသူမှသာ အဂတိလိုက်စားမှု၏ စက်ကွင်းမှ ရုန်းထွက်နိုင်မည်ဖြစ်သည်။

**အကျိုးစီးပွား ဆုတ်ယုတ်စေ**

အဂတိလိုက်စားကာ ဘက်လိုက်ဆုံးဖြတ်လိုက်မည်ဆိုပါက တစ်စုံတစ်ဦးက နစ်နာရမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်သည်။ မိမိဆုံးဖြတ်ရမည့် ဆုံးဖြတ်ချက်သည် မိမိ၏လက်ရှိ အနေအထားပေါ်မူတည်၍ တစ်ဦးမက၊ မိသားတစ်စု၊ ထို့ထက်ပို၍ အဖွဲ့အစည်းတစ်ခုမှသည် လူမှုပတ်ဝန်းကျင်တစ်ခုလုံး၏အကျိုးစီးပွားဆုတ်ယုတ်စေသည်ကို သတိပြုမိကြရန်လိုသည်။ လူတစ်ဦးနှင့်တစ်ဦး သာမန်ဖြစ်ပွားသည့် မသင့်မြတ်မှုတစ်ခုကို အမှန်ကိုအမှား၊ အမှားကိုအမှန် ကပြောင်းကပြန်ဘက်လိုက်ဆုံးဖြတ်မိသည်ဆိုပါက အမှန်လုပ်သူက နစ်နာသကဲ့သို့ အမှားလုပ်သူကလည်း ထိုအမှားများကို ထပ်တလဲလဲ ကျူးလွန်မိခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် အမှားများနှင့်သာ ပြည့်နှက်နေမည်ဖြစ်သည်။ မိမိအပေါ်တွင်လည်း ပတ်ဝန်းကျင်က ယုံကြည်မှုကျဆင်းသွားမည်သာဖြစ်သည်။

လူမှုပတ်ဝန်းကျင်တွင် အသေးအဖွဲမှသည် ကြီးမားလေးနက်ပြီး လူသားဘဝနှင့် လူမှုပတ်ဝန်းကျင်အကျိုးအတွက် ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်ရသူများရှိသည်။ ရင်တွင်းဆန္ဒနှင့် လောဘတို့ကို ထိန်းချုပ်နိုင်စွမ်း အားနည်းသွားသူတို့၏ လက်အတွင်းသို့ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်များ ရောက်ရှိသွားမည်ဆိုပါက လူမှုပတ်ဝန်းကျင် ငါးပါးမှောက်ရန်သာရှိသည်။ လူမှုပတ်ဝန်းကျင် အကျိုးအတွက် အသုံးပြုရမည့် အရင်းအမြစ်များ ခွဲဝေချထားခြင်းကအစပြု၍ ဘဏ္ဍာရန်ပုံငွေများ ခွဲဝေသုံးစွဲခြင်းတို့ထိ အဂတိလိုက်စားမှုဆိုသည့် ဘက်လိုက်မှုများ မရှိရန်လိုသည်။ အရင်းအမြစ်များက လိုရာမရောက်သည့်အခါ လူမှုစီးပွားဘဝများ နောက်ကောက်ကျကျန်ခဲ့ရမည်ဖြစ်သည်။ လိုသော ဘဏ္ဍာရန်ပုံငွေများ၊ အရင်းအမြစ်များ မရရှိသည့်အခါ လူမှုပတ်ဝန်းကျင်တွင် သာယာလှပမှုနှင့် တိုးတက်မှုများ ပျောက်ကွယ်သွားမည်သာဖြစ်သည်။

**ဂိဟိဝိနယ လိုက်နာကြရန်လို**

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန ကျောင်းတော်၌ သတင်းသုံးစဉ်အခါက ရာဇဂြိုဟ်ပြည်မှ သိင်္ဂါလသတို့သားတို့ လူသားဘဝ ကျင်လည်ရာ၌ လိုက်နာရမည့် ဂိဟိဝိနယဆိုသည့် လူ့ဝတ်နည်းကျင့်ဝတ်များကို ဟောကြားဆုံးမခဲ့သည်။ လူသားတစ်ဦးအနေဖြင့် ကောင်းမှု၊ မကောင်းမှုများကို ခွဲခြားတတ်ပြီး ကောင်းမှုကုသိုလ်များဖြင့်သာ ဘဝကို ဆက်လက် အသက်ရှင်သန်နိုင်ကြရန်လိုသည်။ ကောင်းမှုတို့ကို အစဉ်တစိုက် ပြုလုပ်ကြရမည်ဖြစ်သကဲ့သို့ မကောင်းမှုတို့ကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများကိုလည်း သိရှိရှောင်ရှားတတ်ရမည်ဖြစ်သည်။

လူတို့၏စိတ်အစဉ်ကို ညစ်ညူးစေပြီး ပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်မှုများကို အမှားမှားအယွင်းယွင်းဖြစ်စေသည့် အကြောင်းတရားများစွာရှိသည်။ ထိုအကြောင်းတရားများအနက် လူတို့၏ ဆုံးဖြတ်ချက်၊ လုပ်ကိုင်ဆောင်ရွက်ချက်များကို ကမောက်ကမဖြစ်စေပြီး ဘဝပျက်စေသည်ထိ ဖြစ်တတ်သော အဓိကအကြောင်းတရား လေးပါးရှိသည်။ ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ရွံ့ခြင်း၊ အမှားအမှန်မသိ တွေဝေမိခြင်းဆိုသည့်အရာတို့သည် လူသားဘဝမကင်းနိုင်ကြသည့် အရာများဖြစ်သော်လည်း ထိုအရာများကို အသိစိတ်ဖြင့် ထိန်းချုပ်နိုင်ရန်လိုသည်။ ထိုသို့မဟုတ် သည့်အခါ ဆန္ဒာဂတိ - ချစ်သဖြင့် ဘက်လိုက် ဆုံးဖြတ်မိခြင်း၊ ဒေါသာဂတိ - မုန်းသဖြင့် ဘက်လိုက်ဆုံးဖြတ်မိခြင်း၊ ဘယာဂတိ - ကြောက်သဖြင့် ဘက်လိုက်ဆုံးဖြတ်မိခြင်း၊ မောဟာဂတိ - အမှားအမှန်မသိ တွေဝေမိ၍ ဘက်လိုက်ဆုံးဖြတ်မိခြင်းဆိုသည့် အဂတိတရားလေးပါးကို လိုက်စားမိတတ်သည်။ အဂတိတရားလေးပါးသည် လူသားတို့ပြုလုပ်မိသမျှသောအရာများကို အမှန်တရားမှ ဝေးကွာသွားစေတတ်သဖြင့် သတိပြုဆင်ခြင်ကြမည်ဆိုပါက ဘဝတွင် အစစအရာရာ တိုးတက်လာမည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။

**ထာဝရရှောင်ကြပါစို့**

လူသားတိုင်း ဘဝတွင်ပျော်ရွှင်ချမ်းမြေ့စွာနေလိုကြပြီး ဘက်လိုက်မှုကင်းသည့် လူမှုပတ်ဝန်းကျင်တွင်သာ ရှင်သန်လိုကြသည်။ အမှန်တရားကို လူသားတိုင်းက ချစ်မြတ်နိုးကြသဖြင့် အဂတိလိုက်စားခြင်းဆိုသည့် ဘက်လိုက်ခြင်းအကြောင်းတရားများကို လူသားတို့က မည်သည့်နည်းနှင့်မျှ လက်ခံကြလိမ့်မည် မဟုတ်ပေ။ အရာရာတွင် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ မှန်ကန်မျှတမှု၊ ဘက်လိုက်ခြင်းကင်းမှု စသည့်စံနှုန်းများဖြင့် ဆုံးဖြတ်ဆောင်ရွက်သည်ကိုသာမြင်လိုကြသည်။ ဘက်လိုက်ခြင်းဆိုသည့် အရာကိုမူ မစင်ကဲ့သို့ ရွံရှာတတ်ကြသဖြင့် အဂတိလိုက်စားကာ ဘက်လိုက် ဆုံးဖြတ်ဆောင်ရွက်တတ်သူများအတွက် လူမှုပတ်ဝန်းကျင်တွင် ကျင်လည်စရာနေရာရှိနိုင်မည်မဟုတ်ပေ။

လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်လာသည်မှာ သဘာဝပင်ဖြစ်သည်။ ထို့အတူပင် အဂတိတရားလေးပါးကို လိုက်စား၍ ဘက်လိုက်ဆုံးဖြတ်ခြင်းဆိုသည့် ဘဝအမှားများကို ကျူးလွန်မိကြသူတို့ ရှာဖွေစုဆောင်းထားသော စည်းစိမ်ဥစ္စာ၊ ရရှိထားသော အခြံအရံ၊ ကျော်စောခြင်း၊ ရာထူးဂုဏ်ထူးနှင့် လုပ်ပိုင်ခွင့်တို့သည်လည်း တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်လာမည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ "ချစ်မုန်းကြောက်ထွေ၊ တွေဝေသော့အား၊ လွန်ကျူးမှားသော်၊ မပွားလရောင် ဆုတ်ယောင်သောဝ်"ဆိုသည်နှင့်အညီ ရှိရင်းစွဲဘဝ၏ တိုးတက်မှုများသည်ပင် ပျောက်ကွယ်သွားအောင် စွမ်းဆောင်သွားနိုင်သည့် အဂတိတရားလေးပါးကို ထာဝရရှောင်ရှားကြရန်လိုသည်။ အဂတိလိုက်စားမှုဆိုသည့်အရာကို မည်သည့် ဘာသာ၊ မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံကမျှ လက်သင့်မခံကြပေ။ အဂတိလိုက်စား၍ ဘဝအမှားများကို ထပ်တလဲလဲ ကျူးလွန်နေကြသူများအတွက် လူမှုပတ်ဝန်းကျင်တွင် လူဝင်ဆံ့၍ လူတောတိုးရန် မဖြစ်နိုင်တော့ပေ။

**ဘယ်လိုရှောင်ကြမလဲ**

လက်ဖက်ရည်ဖိုးဟုဆိုသည့် သေးငယ်သော အဂတိလိုက်စားမှုများကအစပြု၍ နိုင်ငံအဆင့် အဂတိလိုက်စားမှုများကို ရှောင်ရှားနိုင်ရေး ကြိုးစားကြရမည်က လူသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ ကိုယ်တိုင်က ဆုံးဖြတ်ချက်ကို ချမှတ်ရသည့်ဘဝတွင် ရောက်ရှိနေသည်ဆိုပါက မှန်ကန်မျှတသည့် ဆုံးဖြတ်ချက်များကို ဘက်လိုက်မှုကင်းကင်းဖြင့် ဆောင်ရွက်ရန်လိုမည်ဖြစ်သည်။ ပညာရည်ပြည့်ဝ၍ အသိဉာဏ်နှင့် ဆင်ခြင်တုံတရား အားကောင်းသူများအတွက် မည်သည့်အကြောင်းပြချက်နှင့်မျှ ဘက်လိုက်ဆုံးဖြတ်လိမ့်မည်မဟုတ်ပေ။ ကိုယ်တိုင်က သက်ဆိုင်ရာနယ်ပယ်တွင် ပညာပြည့်ဝ၍ နှလုံးလှသူများဖြစ်အောင် ကြိုးစားသင့်သည်။ ရင်တွင်းဆန္ဒတို့က အဂတိလိုက်စားမှုကို ဖြစ်စေသည်ဆိုပါလျှင် ထိုဆန္ဒတို့ကို မိမိ၏ဂုဏ်သိက္ခာဖြင့် ကြိုးစား ထိန်းချုပ်ကြရန်လိုသည်။ လူတိုင်းချမ်းသာလိုကြသဖြင့် တံစိုးလက်ဆောင်ကဲ့သို့သော အရာများကို လက်ခံဆောင်ရွက်လိုသည့် လောဘတို့ကိုလည်း တင်းတိမ်ရောင့်ရဲခြင်းဖြင့် ထိန်းချုပ်ထားရန်လိုမည်သာဖြစ်သည်။

မိမိကိုယ်တိုင်က မှန်ကန်မျှတစွာ ဆောင်ရွက်လိုပြီး အမှန်တရားမြတ်နိုးသူ ဖြစ်နေသော်လည်း လူမှုပတ်ဝန်းကျင်တွင် အမှန်တရား၏ ဆန့်ကျင်ဘက်ဖြစ်သည့် ဘက်လိုက်မှုဆိုသည့် အဂတိလိုက်စားမှုများ ကင်းစင်၍နေမည်မဟုတ်ပေ။ မကောင်းမှုကို ရှောင်ရှားနိုင်စွမ်းကင်းမဲ့ကြပြီး မကောင်းမှု အဆိုးသံသရာတွင် မှားယွင်းစွာကျင်လည်ကြသူများလည်း လူမှုပတ်ဝန်းကျင်တွင် ရှိနေတတ်သည်။ ထိုသူများကိုလမ်းမှန်ပြ၍ ကောင်းမှုမြတ်နိုးသူများဖြစ်အောင် ကြိုးစားကြရန်လိုသည်။ အဂတိလိုက်စားပြီး ဘက်လိုက်ဆုံးဖြတ်ခြင်းကို ထပ်တလဲလဲကျူးလွန်၍ လူမှုပတ်ဝန်းကျင်အတွက် အသုံးမဝင်တော့သည့် သူများ ဖြစ်မှန်းမသိ ဖြစ်နေသူများကိုတွေ့သည့်အခါ အမှန်တရားဘက်တော်သားများအဖြစ် ရပ်တည်ဖော်ထုတ်သွားရန်လည်းလိုသည်။ အမှန်တရားကို ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ အရေးယူတတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမှားသံသရာအတွင်းမှ အဂတိလိုက်စားမှု ကျေးကျွန်များကို ရှာဖွေဖော်ထုတ်သွားကြရန်လိုသည်။

**ကိုယ်ကျင့်သီလ စင်ကြယ်ကြပါစေ**

ကိုယ်ကျင့်သီလအရာတွင် လူတကာက စံနမူနာပြုရသည့်ဘဝတွင်ရပ်တည်ကြပြီး လူသားအားလုံးက ထာဝရဂုဏ်ပြုရသူများသည် ဘဝတစ်လျှောက်လုံးတွင် အမှန်တရားကို လေးစားတန်ဖိုးထားတတ်သူများဖြစ်နေသည်ကိုတွေ့ရသည်။ မည်သည့်အကြောင်းနှင့်မျှ သူတစ်ပါးကို ထိခိုက်နစ်နာစေသည့်အရာများ မပြုလုပ်ကြပေ။ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အရုပ်ဆိုးအကျည်းတန်စေသည့် အဂတိလိုက်စားမှုများကိုလည်း စိတ်ကူးနှင့်မျှ ကျူးလွန်ကြသူများ မဟုတ်ပေ။ မှန်ကန်မျှတစွာ ဆောင်ရွက်လိုစိတ်ရှိသူများ၏ စိတ်အစဉ်သည် ထာဝရကြည်လင်လန်းဆန်းနေပြီး ထိုစိတ်တို့ကိုညစ်ညူးစေသည့် အကြောင်းတရားများကို ထာဝရရှောင်ရှားကြသည်။

မိမိ၊ သူတစ်ပါး နှစ်ဦးစလုံးအတွက် အကျိုးကျေးဇူးဖြစ်နိုင်စွမ်းမရှိသည့် အဂတိတရားလေးပါးသည် ယနေ့အချိန်ထိ လူသားများနှင့် လူမှုပတ်ဝန်းကျင်ကို အတိဒုက္ခများ ဖြစ်ပေါ်စေလျက်ရှိသည်။ "ချစ်မုန်းကြောက်ထွေ၊ တွေဝေသော့အား၊ မလွန်ငြားသော်၊ တိုးပွားလရောင် ပြည့်ယောင်သောဝ်"ဆိုသည်နှင့်အညီ အဂတိတရားလေးပါး မလိုက်စားသူသည် လဆန်းသောအခါ လမင်း၏အရောင်အဝါကဲ့သို့ တစ်နေ့တခြား ထွန်းလင်းတောက်ပလာပြီး စည်းစိမ်ဥစ္စာ၊ အခြံအရံနှင့် အကျော်အစော အပေါင်းတို့သည် တိုးပွားလာနိုင်မည်ဖြစ်သဖြင့် အဂတိတရားလေးပါးကို အစဉ်ထာဝရ ရှောင်ရှားကြခြင်းဖြင့် ဘဝအမှားဘက်လိုက်မှုများမှ ကင်းဝေးကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**

## မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၇၁၃၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မင်းကင်း စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၁၃၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၁၆ ဧက၊ ဖူးစားပြောင်း ၆၀၂၂ ဧက စုစုပေါင်း ၇၁၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးဆောင်ရွက်ပေးသွားမှာပါ" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ သဘာဝဓာတ်မြေဩဇာ ပေါင်းစပ်အသုံးပြုခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် သြဂုတ်လအတွင်း ငါးသလောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် သြဂုတ်လအတွင်း ငါးသလောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးသလောက်ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် ရောင်းချအားကောင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးသလောက်ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရတယ်" ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်ငါး အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀၊ အကြီးတစ်ပိဿာလျှင် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## ညောင်ရွှေမြို့နယ် ကေလာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

ညောင်ရွှေ စက်တင်ဘာ ၃

ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းခြေကေလာ ကျေးရွာအုပ်စု ကေလာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးမည့်သင်ခန်းစာများကို အသုံးချပြီးကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်နိုင်သည်ထိ ကြိုးစားသွားကြရန်မှာကြားသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုတို့က သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၁၇ ရက်ထိ ၄၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် ကျွမ်းကျင်နည်းပြများက အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

## မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

မြိတ် စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်သာယာကျေးရွာ၌ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေအကြောင်း အရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၂၅ သိန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန်သာယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် သိန်း ၁၇၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၇၆ သိန်း၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၅၈ သိန်း၊ အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၅ သိန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ

## ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ကြို့ပင်ကောက် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွှန့်ဇော်နှင့် ဝန်ထမ်းများက ချောင်းနားကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာလိုအပ်သည်များကို ဖြည့်ဆွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ အမြင့် ၆ လက်မရှိ မြေနီလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ပြီး ယခင်ထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

အေးမြတ်

# ကနေဒါနိုင်ငံ နယူးဘရန်းစ်ဝစ်စီရင်စုတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်အဖြစ် သတ်မှတ်



**အော့တဝါ စက်တင်ဘာ ၃**

ကနေဒါနိုင်ငံ နယူးဘရန်းစ်ဝစ်စီရင်စုတွင် စက်တင်ဘာ ၂ ရက်က လောင်ကျွမ်းနေသည့် တောမီး ထိန်းချုပ်ရခက်သည့်အဆင့်အဖြစ် သတ်မှတ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ၁၀ နေရာအနက်မှ ခြောက်နေရာကို ရာနှုန်းပြည့် ထိန်းချုပ်ထားနိုင်ပြီဖြစ်ပြီး သုံးနေရာတွင် လောင်ကျွမ်းနေသည့် တောမီးကို ထိန်းချုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ သို့သော်လည်း ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသည့် နေရာတစ်နေရာတွင်လောင်ကျွမ်းနေသည့် တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားနေသကဲ့သို့ လေကြောင်း အကူအညီကို ရယူသွားမည်ဖြစ်ကြောင်း၊ ထိန်းချုပ်ရခက်သည့် အဆင့်အဖြစ် သတ်မှတ်ထားသည့် တောမီးသည် နေ့သမ်ဘာလန်းကောင်တီအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာအနီးမှဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ နေရာပေါင်း ၁၀ နေရာရှိပါတယ်။ ခြောက်နေရာကတော့ တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ သုံးနေရာမှာ လောင်ကျွမ်းနေတဲ့ တောမီးကိုတော့ ထိန်းချုပ်နိုင်တော့မှာဖြစ်ပါတယ်။ နေ့သမ်ဘာလန်းကောင်တီအနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးကတော့ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ ဧရိယာအနီးမှာ နေထိုင်နေတဲ့ ဒေသခံတွေအနေနဲ့ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းကြပါ"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန New Brunswick Emergency Measures Organization မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ကီကိုဟာရီကိန်းမုန်တိုင်း ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ပိုင်းမှ အစပျိုးလာကြောင်း NHC က ထုတ်ပြန်ကြေညာ

**ဝါရှင်တန် စက်တင်ဘာ ၃**

ကီကိုဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ပိုင်းတွင် အစပျိုးနေပြီဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာပိုင်းဖုန်ဖြင့် ဆက်စပ်နေသည့် အမေရိကန်နိုင်ငံ၏ ကမ်းခြေဒေသများသို့ လာမည့်ရက်ပိုင်းအတွင်း ဝင်ရောက်လာဖွယ်ရှိနေကြောင်း နေရှင်နယ်ဟာရီကိန်းစင်တာ(NHC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကီကိုဟာရီကိန်း မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်နေပြီး ကီကိုမုန်တိုင်းပြင်းအားကိုလည်း အဆင့် ၂ အဖြစ်သတ်မှတ်ထားကြောင်း၊ ကီကိုမုန်တိုင်းသည် တစ်နာရီလျှင် ခြောက်မိုင်နှုန်းဖြင့် ရွေ့လျားနေသည့်အတွက် အမေရိကန်နိုင်ငံ၏ ဧရိယာအတွင်းသို့ ရောက်ရှိလာရန် အချိန်ကာလတစ်ခုထိ ကြာမြင့်သွားနိုင်ကြောင်း၊ သို့သော်လည်း မုန်တိုင်းဝင်ရောက်လာနိုင်သည့်ဧရိယာများကို ခန့်မှန်းတွက်ချက်နေပြီး ကြိုတင်ပြင်ဆင်မှု ပြုလုပ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း NHC က ထုတ်ပြန်ခဲ့သည်။

"ကီကိုဟာရီကိန်း မုန်တိုင်းဟာ ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ပိုင်းမှာ အစပျိုးနေပြီဖြစ်ပါတယ်။ မုန်တိုင်းဖြတ်သန်းလာနိုင်တဲ့ ဧရိယာတွေကို ခန့်မှန်းတွက်ချက်နေပါတယ်။ ကြိုတင်ပြင်ဆင်နိုင်အောင် ထုတ်ပြန်ပေးသွားမှာပါ"ဟု NHC မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ဦးရေ ၁၄၀၀ ကျော်ထိရှိလာ

**ကဘူးလ် စက်တင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် စက်တင်ဘာ ၁ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ယနေ့ထိ သေဆုံးသူဦးရေ ၁၄၀၀ ကျော်ထိရှိလာကြောင်း နိုင်ငံပိုင်ဘူမိဗေဒလေ့လာရေးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။



ထို့ပြင် စက်တင်ဘာ ၂ ရက် ညနေ ၄ နာရီ ၅၉ မိနစ်တွင် နန်ဂါဟာပြည်နယ် ဂျလာလာဘတ်မြို့တွင်လည်း ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်ထပ်မံလှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါငလျင်၏ ဗဟိုချက်မှာ မြောက်လတ္တီတွဒ် ၃၄ ဒသမ ၆၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၇၀ ဒသမ ၆၈ ဒီဂရီနှင့် ပြည်နယ်၏ အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် စက်တင်ဘာ ၁ ရက်ကလည်း ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ပြီးနောက် ယနေ့ရှိသော အချက်အလက်များအရ သေဆုံးသူဦးရေ ၁၄၀၀ ကျော်ထိ ရှိလာပြီး လူဦးရေ ၃၀၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် စက်တင်ဘာ ၂ ရက်တွင် ငလျင်ထပ်မံ လှုပ်ခတ်ခဲ့ခြင်းကြောင့် ထိခိုက်မှု၊ သေဆုံးမှုနှင့်အပျက်အစီးစာရင်းကို ကောက်ယူဆဲဖြစ်ကြောင်း အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# ကမ္ဘာ့နေရာအနှံ့အပြားတွင် လာနီညာရာသီဥတု စက်တင်ဘာလမှစ၍ ဖြစ်ပေါ်နိုင်သည်ဟု WMO က ခန့်မှန်းထား

**ဘာလင် စက်တင်ဘာ ၃**

ကမ္ဘာ့နေရာ အနှံ့အပြားတွင် လာနီညာရာသီဥတုသည် စက်တင်ဘာလမှစ၍ ဖြစ်ပေါ်နိုင်သည်ဟု World Meteorological Organization (WMO) က ယနေ့တွင် ခန့်မှန်းချက် ထုတ်ပြန်ထားသည်။

ကမ္ဘာတစ်ဝန်းတွင် စက်တင်ဘာလမှစတင်၍ လာနီညာရာသီဥတုဖြစ်ပေါ်နိုင်ပြီး လာနီညာသည် အအေးလှိုင်းဖြတ်သန်းခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အအေးလှိုင်းကြောင့် အပူချိန်သည် ကျဆင်းသွားမည်မဟုတ်ကြောင်း၊ ပူပြင်းခြောက်သွေ့မှုနှင့် အအေးလှိုင်းဒဏ်ကို အတူယှဉ်တွဲခံစားရနိုင်ကြောင်း WMO က ခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်။

လာနီညာရာသီဥတုဖြစ်စဉ်သည် ကမ္ဘာ့အလယ်ပိုင်းနှင့် အရှေ့ဘက် ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် ဖြစ်ပေါ်လာနိုင်ပြီး လာနီညာရာသီဥတုဖြစ်စဉ်သည် ကောက်ပဲသီးနှံများကို ထိခိုက်စေနိုင်သည့် ရေကြီးမှုနှင့် မိုးခေါင်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

လာနီညာရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်ပြီး WMO ၏ ခန့်မှန်းချက်အရ စိုက်ပျိုးရေး၊ စွမ်းအင်၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် ဒေါ်လာသန်းနှင့်ချီသောဆုံးရှုံးမှုများကို ဖြစ်စေနိုင်သဖြင့် အရေးပေါ်တုံ့ပြန်လုပ်ဆောင်မှုများ ကြိုတင်ပြင်ဆင်ခြင်းဖြင့် လာနီညာဖြတ်သန်းမှုတွင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်မည်ဟု WMO က တိုက်တွန်းထားသည်။

Ref : Sputnik News
Trs : KZ



# ဖိလစ်ပိုင်နိုင်ငံတွင် ရေဘေးအန္တရာယ်ထိန်းချုပ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေ

**မနီလာ စက်တင်ဘာ ၃**

ဖိလစ်ပိုင်နိုင်ငံတွင် ရေဘေးအန္တရာယ်ထိန်းချုပ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်နေကြောင်း Department of Science and Technology(DOST) မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မနီလာမြို့တွင် နှစ်စဉ်နှစ်တိုင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ရေဘေးအန္တရာယ် ထိန်းချုပ်ရေးအစီအစဉ်ကိုလည်း မနီလာမြို့တွင်ပထမဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရလေ့ရှိသည့် ဧရိယာတွင် ရေစီးဝင်လာနိုင်သည့် အခြေအနေများကို သုတေသနပြုလုပ်သွားမည်ဖြစ်သကဲ့သို့ ၎င်းဧရိယာများ၌ ရေစီးဝင်လာမှုကို တားဆီးနိုင်မည့် အတားအဆီးများ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ရေစီးဝင်လာမှုကို သုတေသနပြုလုပ်ရာတွင် ဖြစ်ပေါ်ခဲ့ဖူးသော မှတ်တမ်းများကိုသာ အားထား၍မရဘဲ သိပ္ပံနည်းကျ သုတေသနပြုလုပ်သွားရန်လိုအပ်နေပြီး သိပ္ပံပညာရပ်ကို မဖြစ်မနေအသုံးပြုသွားရန် လိုအပ်ကြောင်း DOST မှ သုတေသီများက အချက်အလက်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။

"ရေဘေးအန္တရာယ်ထိန်းချုပ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ဆိုတာ သာမန်သုတေသနတစ်ခုလို ဆောင်ရွက်သွားလို့မရပါဘူး။ သုတေသနလုပ်ငန်းစဉ်မှာ သိပ္ပံပညာရပ်ကို အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။ DOST အနေနဲ့ သိပ္ပံပညာရပ်နဲ့ နည်းပညာတွေကို အထောက်အပံ့ပေးနိုင်ပါတယ်။ လိုအပ်တဲ့အချက်အလက်တွေကို စုဆောင်းပြီးတော့ အစီအစဉ် အောင်မြင်ဖို့အတွက် သိပ္ပံနည်းကျ ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်"ဟု Department of Science and Technology (DOST) မှ သုတေသီဆိုလီဒမ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# လူတော်လူကောင်းများ ဖြစ်စေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်ကို တာဝန်ယူကြရမည့်သူများဖြစ်ပေရာ လူငယ်များကို အတွေးအခေါ်နှင့် ဆင်ခြင်စဉ်းစားဆုံးဖြတ်နိုင်သည့် အရည်အသွေးရှိအောင် ပျိုးထောင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို အလှဆင်သွားရန် လိုအပ်သည်။ လူငယ်များသည် ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ ဖန်တီးနိုင်ခြင်းစွမ်းအားရှိသူများဖြစ်သည်။ ထို့ပြင် လူငယ်များသည် မိမိလိုလားတောင့်တသည့် ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ရည်မှန်းချက်များ၊ မျှော်လင့်ချက်များ၊ တွန်းအားပေးနိုင်သည့် မောင်းနှင်အားများကို ပိုင်ဆိုင်ထားရှိသူများဖြစ်သည်။

**လူငယ်ကဏ္ဍမြှင့်တင်ပေးလျက်ရှိ**

နိုင်ငံတော်အစိုးရသည် လူငယ်များကို အထူးအလေးထားသောအားဖြင့် လူငယ်များ၏ အနာဂတ်ကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့်လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာ ကိစ္စရပ်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် လူငယ်များပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စား၍ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့် ပြည့်ဝသည့်နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်နိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ လူငယ်များအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

**ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး**

လူငယ်ကဏ္ဍသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးပင်ဖြစ်သည်။ လူငယ်များအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ရောက်ရှိပြီး နိုင်ငံတော်ကို အကျိုးပြုမည့်နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အလေးထားလုပ်ဆောင်သွားရန် လိုအပ်သည်။ အထူးသဖြင့် လူငယ်များ၏ နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်နိုင်ရေးပြုစုပျိုးထောင်ပေးသွားရန် လိုအပ်သည်။

လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်သည်။ အမှန်တော့ လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့်နိုင်ငံ၏ အရင်းအမြစ်များ၊ တစ်နည်းအားဖြင့်တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ သို့ဖြစ်၍ လူငယ်များကို မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်သာ အနာဂတ်နိုင်ငံတော်ကို မြင့်မားအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။

❖ လူငယ်ကဏ္ဍသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးပင်ဖြစ်သည်။ လူငယ်များအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ရောက်ရှိပြီး နိုင်ငံတော်ကို အကျိုးပြုမည့်နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အလေးထားလုပ်ဆောင်သွားရန်လိုအပ်သည်။ အထူးသဖြင့် လူငယ်များ၏ နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်နိုင်ရေး ပြုစုပျိုးထောင်ပေးသွားရန်လိုအပ်သည်။❖

စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူ လူငယ်များဖြင့်သာ နိုင်ငံကိုကောင်းမွန်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပေသည်။

**အလေးထားလေ့ကျင့်ပျိုးထောင်**

လူငယ်များသည် လူကြီးများ၏ ပြောဆိုပြုမူမှုပုံစံများကိုကြည့်ကာ အတုမြင်အတတ်သင်တတ်ပေးသည်။ ထို့ကြောင့် လူကြီးများသည် လူငယ်များကို ပြောဆိုပြုမူဆက်ဆံရာတွင် ကရုဏာတရား၊ မေတ္တာတရား၊ ကိုယ်ချင်းစာတရားတို့ကို လက်ကိုင်ထား၍ ထိတွေ့ဆက်ဆံသွားရန်လိုအပ်သည်။ ကလေးများက သိလိုသည်များကို မေးမြန်းလာလျှင်လည်းကျိုးကြောင်းဆီလျော်စွာ ပြောဆိုဆွေးနွေးသွားသင့်ပေသည်။ သို့မှသာလျှင် ပတ်ဝန်းကျင်အပေါ် အကောင်းမြင်သော စိတ်ဓာတ်များကိန်းအောင်းလာစေမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်များအား ပြဿနာဖြေရှင်းရာ၌ ငြိမ်းချမ်းစွာ ဖြေရှင်းတတ်စေရန် အလေးထားသင်ကြား ပျိုးထောင်သွားသင့်ပေသည်။

လူ့အသိုက်အဝန်းတွင် လူတော်များလူကောင်းဖြစ်လာစေရန် အရေးကြီးသကဲ့သို့ လူကောင်းများကိုလည်း လူတော်များဖြစ်လာစေရန် စနစ်တကျပြုစုပျိုးထောင်သွားရန် လွန်စွာအရေးကြီးသည်။ မိဘအုပ်ထိန်းသူများကိုယ်တိုင်ကလည်း လူတော်လူကောင်းများဖြစ်နေရန် လိုအပ်ပြီး သား၊ သမီးများကို မှန်ကန်စွာ ထိန်းကျောင်းပြုစုသွားသင့်သည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ နေထိုင်ရာနေရာနှင့်ပညာသင်ယူသည့်နေရာတို့သည် မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ လောင်းကစားကင်းစင်သည့်ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်နေရန်လိုအပ်သည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း နောင်တစ်ချိန်တွင် အနာဂတ်အတွက် ပခုံးပြောင်းတာဝန်ကို လက်ဆင့်ကမ်းထမ်းရွက်မည့်လူကြီးများသည် လက်ရှိလူငယ်များပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို တန်ဖိုးရှိသော လူတော်လူကောင်းများဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ကဏ္ဍရပ်တိုင်းတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူလူငယ်များကို ပြုစုပျိုးထောင်ရာတွင် ကျောင်းသင်ခန်းစာ၊ စာပေဗဟုသုတများကို ထူးချွန်အောင်လေ့ကျင့်သင်ကြားပေးရုံသာမက ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန်၊ ယဉ်ကျေးလိမ္မာရန်၊ စာရိတ္တကောင်းမွန်၍ အသင်းအဖွဲ့စိတ်ဓာတ်များဖြင့် ဆောင်ရွက်တတ်စေရန် လေ့ကျင့်ပြုစုပျိုးထောင်သွားရန် လိုအပ်သည်။

ထို့ပြင် လူငယ်များသည် အမှန်တရားကို မြတ်နိုးခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်း၊ ဖျတ်လတ်တက်ကြွခြင်း၊ အရာရာကို တီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်စားခြင်းစသည့် ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားရှိသည်။ ထိုသို့ အမှန်တရားကို မြတ်နိုးသောလူငယ်များတွင် တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်ကိန်းအောင်းလာစေရန်၊ အထူးသဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်အတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးသွားရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကြယ်ပွင့်များ၏ ဖြူစင်သောနှလုံးသားတွင် မိမိကိုယ်ကိုတန်ဖိုးထားတတ်စေရန်၊ မိမိအသိုက်အဝန်းနှင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် ကာကွယ်စောင့်ရှောက်သွားလိုသော စိတ်ဓာတ်ကိန်းအောင်းလာစေရန် သင်တန်းများဖွင့်လှစ်ကာ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

စင်စစ်အားဖြင့် ပညာထူးချွန်ပြီးထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာအတတ်ပညာများတတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သောအရည်အသွေးများ ပြည့်စုံသည့်လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်နေခြင်းပင်ဖြစ်သည်။

**ဖန်တီးပုံဖော်နိုင်**

စင်စစ်အားဖြင့် လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာတီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်သည့်လုပ်သားအင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့်လူငယ်များ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျပြုစုပျိုးထောင်ပေးရန် လိုအပ်သည်။ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့်လူ့စွမ်းအား အရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် ထူးခြားသည့်အင်အားစုတစ်ရပ်လည်းဖြစ်သည်။ ထို့ကြောင့် ဘက်စုံထူးချွန်သော လူတော်လူကောင်းများ မွေးထုတ်ပေးခြင်းဖြင့် လူငယ်များ၏စွမ်းပကားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လူမှုစီးပွားဘဝသာယာဖွံ့ဖြိုးတိုးတက်သော၊ သဟဇာတဖြစ်သော အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။

**လူတော်လူကောင်းများ ဖြစ်စေလို**

လူငယ်များကို ပြုစုပျိုးထောင်ရာတွင် လူတော်လူကောင်း မျိုးဆက်သစ်များဖြစ်လာရန် လိုအပ်သည်။ လူတော်သည် ပညာရပ်တစ်ခုခု၊ နယ်ပယ်တစ်ခုခု၊ အလုပ်တစ်ခုခုတွင် ကျွမ်းကျင်ထူးချွန်လေ့ရှိသူများဖြစ်သည်။ လူတော်ဖြစ်လာရန် ငယ်စဉ်ကတည်းက စနစ်တကျပြုစုပျိုးထောင်သွားရန် လိုအပ်ပြီး လူငယ်များကိုယ်တိုင်ကလည်း ကြိုးပမ်းအားထုတ်သွားရန်လိုအပ်သည်။ လူတော်များသည် လူကောင်းဖြစ်လာရန်မှန်ကန်သည့် စိတ်နေစိတ်ထားရှိရန်လိုအပ်သည်။ ထို့ကြောင့် လူငယ်များကို လူတော်လူကောင်းများ ဖြစ်လာစေရေးအတွက် ငယ်စဉ်ကတည်းက ကိုယ်ချင်းစာတရားထားတတ်စေရန်၊ မေတ္တာတရားထားတတ်စေရန် လေ့ကျင့်ပျိုးထောင်သွားသင့်ပေသည်။ မည်သို့ပင်ဆိုစေ မျိုးဆက်သစ်လူငယ်များကို လူတော်လူကောင်းများ ဖြစ်လာစေရန်၊ အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန်သည် တစ်မျိုးသားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ မေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal(www.myanmar.gov.mm/documents)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)













## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင် အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111"




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့




**ကျောက်မြောင်း စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် ၄၈၉၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၉၅၅ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် ၄၈၉၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၉၅၅ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ကိုက်လန် စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည့်တောင်သူလုပ်ငန်းများ ဆောင်ရွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍သိရသည်။

(၂၀၆)

## ကျိုက်လတ်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် အခြားငါးခြောက်များကို စနစ်တကျထုပ်ပိုးသန့်စင်ကာ ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဩဂုတ်လတတိယပတ်မှ ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အခုလက်ရှိ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ပြီးခဲ့တဲ့ တတိယပတ်ကစပြီး အရောင်းအဝယ်ကောင်းခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အပါအဝင် ငါးခြောက်အစုံကို ရန်ကုန်ဘက်က ဝယ်ယူတာများနေပါတယ်။ ငါးခြောက်အစုံထဲကမှ ပိုပြီး အရောင်းအဝယ်ကောင်းနေတာကတော့ ငါးကွမ်းရှပ်ခြောက်တွေဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးပိ၊ ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)





CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့်
အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့်
ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



(၂၂)ကြိမ်မြောက် 5 Digits
အောင်ဘာလေအွန်လိုင်းထီ လက်မှတ်များကို
စက်တင်ဘာလ(၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ
စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!

5 Digits အောင်ဘာလေ အွန်လိုင်းထီ

A,B,C က,ခ,ဂ | F,G,H စ,ဆ,ဇ | Z,RA,LA ယ,ရ,လ | U,V,Y ပ,ဗ,မ
TH,HA သ,ဟ | P,Q,T တ,ထ,န | AH အ

Call Center 777 (or)
09 677 000 777
Scan Me

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်နေ ဦးစောလွင် (ဘ) ဦးရဲတင့်(၉/မရမ(နိုင်)၀၅၁၄၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-782004821

## သင့်သွေးဖြင့် အသက်ကယ်ပါ

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်နေ ဦးမူနား၏သား ရေရှုပ်ကေဒီးယားနှင့် မောင်သက်နိုင်လင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ရေရှုပ်ကေဒီးယားနှင့် မောင်သက်နိုင်လင်
(၉/အမဇ(ပြု)၀၀၀၈၅၆)

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဦးတင်ဝင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မလင်းလက်ရတီမြင့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇင်မင်းသန့်ဖြစ်ပါကြောင်း။ ဦးဇင်မင်းသန့်(၅/ဒပယ(နိုင်)၀၆၄၁၀၃)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်နေ မမြမြအေး(၉/မရမ(နိုင်)၀၉၁၄၀၈)၏ ဖခင်အမည်မှန်မှာ ဦးသက်ထွန်း (ခ) ဦးမြင့်သန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသက်ထွန်း (ခ) ဦးမြင့်သန်း

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ဇေယျာလမ်းနေ ဒေါ်စန်းနွယ် (ဘ) ဦးဟောင်စီပေါင်း (ခ) မောင်စိန်(၁၃/လရန(နိုင်)၀၈၂၃၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-786017638

## အဖိုးတန်ရေချိုကို ချွေတာပါ

❖ မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍ အရေးကြုံတော့ သွေးဆုံစွာ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA)ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Tebian Electric Apparatus (TBEA)ကုမ္ပဏီအတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**


တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်တွဲဖက်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းလွန်) တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

